# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၄)ရက် ၊ အင်္ဂါနေ့ ၊ (6-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၅၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ နိုင်ငံအရေး တို့အရေးမို့ နိုင်ငံသားတိုင်း မဲပေးစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၇/၂၀၂၆)
၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ်**
**ရွေးကောက်တင်မြှောက်ခံရသူများ**
**အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်၍ အပိုင်းလိုက် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည်-

**စာမျက်နှာ ၂၃ ကော်လံ ၁ ❍**

## တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော အရာရှိ၊ စစ်သည်များနှင့် အမွေခံများ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



**နေပြည်တော် ဇန်နဝါရီ ၅**

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသော အရာရှိ၊ စစ်သည်များနှင့် အမွေခံမိသားစုဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌

**စာမျက်နှာ ၂၀ ကော်လံ ၄**

**တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသော အရာရှိ၊စစ်သည်များနှင့်အမွေခံများ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး စုပေါင်းဓာတ်ပုံရိုက်စဉ်။**




ရတနာပုံ
၂၀၂၆ ခုနှစ် ဇန်နဝါရီ ၆ ရက်

အယ်ဒီတာ့အာဘော်

# ပြစ်ဒဏ်လွတ်ငြိမ်း၍ ဘဝသစ်တွင် နိုင်ငံအကျိုးထမ်းရွက်သယ်ပိုး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်သည့် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၆၁၃၄ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။ အလားတူ ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသားအကျဉ်းသား၊ အကျဉ်းသူ ၅၂ ဦးတို့ကိုလည်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်ပြီဖြစ်သည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် ကျရောက်သည့် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အနေဖြင့် အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများကို အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအမိန့်အမှတ် (၁/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်း၊ အမိန့်အမှတ် (၂/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် အကျဉ်းသား၊ အကျဉ်းသူ ၆၁၃၄ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ် (၃/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၅၂ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်ခြင်း စသည့်အမိန့်များ ထုတ်ပြန်ကြေညာခဲ့သည်။

ယခုကဲ့သို့ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းသည် လူ့အခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်။ ထို့ပြင် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူများကို ပြစ်ဒဏ်များလျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းသည် နိုင်ငံအချင်းချင်းဆက်ဆံရေးကို အထောက်အပံ့ဖြစ်စေကာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ထွန်းလာစေမည်ဖြစ်ပေသည်။

ယခုအခါ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများသည် စိတ်သန့်ရှင်းစွာဖြင့် လူ့အဖွဲ့အစည်းအတွင်း နေထိုင်နိုင်မည်ဖြစ်သကဲ့သို့ ရိုးသားဖြောင့်မတ်စွာဖြင့် သမ္မာအာဇီဝကျကျ အသက်မွေးဝမ်းကျောင်းပြုနိုင်မည်ဖြစ်သည်။ နိုင်ငံတော်၏ မေတ္တာ၊ စေတနာတို့ကို အသိအမှတ်ပြုတန်ဖိုးထား၍ နိုင်ငံတော်ကို ကျေးဇူးတုံ့ပြန်ကြရမည်ဖြစ်ပေသည်။

နိုင်ငံတော်အနေဖြင့် လွတ်လပ်ရေးနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးခြင်းသည် နိုင်ငံတော်၏လွတ်လပ်ရေးတန်ဖိုးကို သိရှိနားလည်လာကြပြီး တာဝန်သိသိ သစ္စာရှိရှိဖြင့် လွတ်လပ်ရေးကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက်ဖြစ်သည်။ သို့ဖြစ်ပါ၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများအနေဖြင့် အတိတ်ကဖြစ်ရပ်များကိုဖျောက်ဖျက်ကာ နိုင်ငံတော်မှဖော်ဆောင်လျက်ရှိသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၂၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၂၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၉၂၈၃ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၁၂၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ မြေပဲ ၁၉၂၈၃ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာတော့ ၁၁၂၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေးက ပြောပြသည်။

ကလေးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေးက ပြောပြ၍ သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု စစ်ဆေး

**မလှိုင် ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ရေချိုဘူတာကျေးရွာအုပ်စု ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်သာကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း တီလားဗီးယားငါးပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း တီလားဗီးယားငါး ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက တီလားဗီးယားငါး ပိဿာချိန် ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း တီလားဗီးယားငါး ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါတီလားဗီးယားငါးတစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တီလားဗီးယားငါးတွေ တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ဒီဇင်ဘာလအတွင်း တီလားဗီးယားငါး အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဇန်နဝါရီလထဲမှာလဲ ရန်ကုန်ဈေးကွက်က တီလားဗီးယားငါးတွေကို အဝယ်လိုက်နေပါတယ်။ အခုလို ငါးတွေ အရောင်းအဝယ်ကောင်းလာတော့ ငါးလုပ်ငန်းနဲ့ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အဆင်ပြေလာပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။

ဖျာပုံမြို့နယ်တွင် တီလားဗီးယားငါးများကို ပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး စနစ်တကျထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှ တစ်ဆင့် အခြားဒေသများကို ဆက်လက်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဝမ်းတွင်းမြို့နယ် ကူနီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေ ပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ ကူနီကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၈၇ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိမရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကူနီကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ်၂၉ ဒသမ ၆ သန်းနှင့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၁ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၂ ဦးကို အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၃၄ ဒသမ ၇ သန်းကို ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးအောင်ကိုကိုဦး ထံမှ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးခွန်အောင်ဆန်း-ဒေါ်ဝင်းဝင်းခိုင် မိသားစုက မိဘများဖြစ်ကြသော ဦးကျော်စိန်-ဒေါ်သိန်းလှတို့အား ရည်စူး၍ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၆၅၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဟုမ္မလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ဟုမ္မလင်း ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ကေ ၂၆၅၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟုမ္မလင်းမြို့နယ်တွင် ၂၈၉၅ ကေ၊ မိုပိုင်းလွတ်မြို့တွင် ၁၂၅ ကေ စုစုပေါင်းကေ ၃၀၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဟုမ္မလင်းခရိုင်အတွင်း ဟင်းသီးဟင်းရွက် ကေ ၂၆၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့မှာတော့ ကေ ၃၀၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ ဆလတ်၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဉ စတဲ့သီးနှံတွေ စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးခဲ့ပါတယ်"ဟု ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်တွင် ကေ ၂၈၅၀၊ မိုပိုင်းလွတ်မြို့တွင် ကေ ၁၀၀ စုစုပေါင်းကေ ၂၉၅၀ ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

(၂၀၆)

# မိုင်းတုံမြို့နယ် ပါချီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းတုံ ဇန်နဝါရီ ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပါချီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပါချီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့်ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှု ရှိမရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ပါချီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၁ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၅၄ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်ထံမှ သိရသည်။

**မောင်ခိုင်**

# ပေုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ဓနိချပ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဓနိချပ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်သည် ဓနိထွက်သောဒေသဖြစ်ပြီး ထွက်ရှိလာသည့် ဓနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလက ဓနိချပ်ရေ ၆၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဓနိချပ်ရေ ၈၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့လထဲမှာ ဓနိချပ်ရေ အများအပြားကို ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ တင်ပို့ရောင်းချခဲ့တဲ့ ဓနိချပ်တွေက ရောင်းပန်းလှသလို အရည်အသွေးလဲ ကောင်းပါတယ်။ ပြီးခဲ့တဲ့လထဲမှာ ရန်ကုန်ဈေးကွက်က ဓနိချပ်တွေ ဝယ်ယူအားကောင်းခဲ့ပါတယ်။ ငပုတောမြို့နယ်က ထွက်ရှိတဲ့ ဓနိချပ်တွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုလဲ ဖြန့်ဖြူးရောင်းချနေပါတယ်"ဟု ငပုတောမြို့နယ် ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် ဓနိစိုက်ပျိုးရေးလုပ်ငန်းကိုကျေးရွာ ၁၄ ရွာမှ ဒေသခံများက အများဆုံး စိုက်ပျိုးကြောင်း၊ အဆိုပါ ဓနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ငပုတောမြို့နယ်မှထွက်ရှိသည့် ဒေသထွက် ဓနိချပ်များ ဝယ်ယူမှုများပြားလာခြင်းကြောင့် ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ဓနိစိုက်တောင်သူများ၊ ဓနိထိုးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း ငပုတောမြို့နယ် ဓနိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# စိန္တကျော်သူ ဦးဩ၏ ကဗျာပန်းစုံတော

**ပြေပြေအေးသက်**

**❖ ဦးဩသည် အသက်ရှစ်နှစ်၊ ကိုးနှစ်အရွယ် ပထမကျော်အောင်စံထားဆရာတော်ထံတွင် သာမဏေပြု၍ ပညာကိုဆက်လက်ဆည်းပူးခဲ့ရာ ထိုအခါကာလကပင် ကဗျာလင်္ကာများကို ရေးသားစပ်ဆိုခဲ့သည်။ ထိုစဉ်က ဦးဩနှင့် စာသင်ဖက်မှာ နောင်တွင် ဝေါဟာရတ္ထပကာသနီကျမ်းပြုစုသူ ဒုတိယကျော်အောင်စံထားဆရာတော်လောင်းလျာပင်ဖြစ်သည်။ ထိုမျှ မကသေးဘဲ စာပေမျိုးရိုးမှာ မိခင်ဖြစ်သူ ဒေါ်ပု၏မောင်သည် တွင်းသင်းမင်းကြီး ဦးထွန်းညိုပင်ဖြစ်ချေသည်။ ကိုရင်ဘဝ အသက် ၁၅ နှစ်ခန့်တွင် စာပေပညာများ ကုံလုံကြွယ်ဝသောကြောင့် ဆရာဖြစ်သူ ပထမကျော်အောင်စံထားဆရာတော်က လူဝတ်လဲစေပြီး ဟံသာဝတီရောက်မင်းထံ အပ်နှံခဲ့ခြင်းဖြစ်သည်။ ❖**

စိန္တကျော်သူ ဦးဩသည် ကဗျာတွင် သံပေါက်၊ လင်္ကာ၊ ပျို့၊ ရတု၊ ရကန်၊ ချေင်း၊ လူးတားစသည်ဖြင့် အမျိုးအစား စုံလင်စွာစပ်ဆိုခဲ့ကြောင်း တွေ့ရှိရသည်။ သံပေါက်ကဗျာတွင် ဟံသာဝတီပါမင်းလက်ထက်၌ ထိုမင်း၏ ဘထွေးတော် တောင်ငူရာဇာ သတိုးမင်းခေါင်က သတ်ပုံကျမ်းရေးသား ဆက်သွင်းရန် အမိန့်ရှိသည့်အခါ ရွှေတောင်ရာဇကျော်ဘွဲ့ခံ သံတော်ဆင့် ဦးဩသည် အသက် ၁၅ နှစ်ဖြင့် ၁၁၁၃ ခုနှစ်တွင် "ရောင်ခြည်ခြောက်သွယ်၊ ဘဝဂ်ကယ်၊ အံ့ဖွယ်ဆယ့်ရှစ်ဖြာ" အစချီ ကဝိလက္ခဏာသတ်ပုံ သံပေါက်ကျမ်းကို ရေးသားဆက်သွင်းခဲ့သည်။ ထိုကျမ်းသည် မည်ကာမတ္တမဟုတ်ဘဲ ဆန်း၊ အလင်္ကာ၊ သဒ္ဒါ၊ ရှေးထုံးပုံပြင်၊ ရာဇဝင်မော်ကွန်း အစရှိသော လောကီကျမ်း၊ လောကုတ္တရာကျမ်းတို့မှလာသော အကြောင်းအရာ မှတ်သားဖွယ်ရာတို့ဖြင့် တန်ဆာဆင်ထားသဖြင့် မင်းတုန်းမင်းတရားကြီးသည် ၇၂ ပိုဒ်သော ပုစ္ဆာတို့ကို အမှာရေး မင်းလှဇေယျသူကို မေးမြန်းရာ အမှာရေးက "ကဝိလက္ခဏာဒီပနီကျမ်း"အမည်ဖြင့် အဖြေကျမ်း ရေးသားစီရင်ခဲ့ရသည်။ ဦးဩ၏ သတ်ပုံကျမ်းပြုစုပြီးသည့်နှစ်တွင်ပင် အင်းဝပျက်စီးခဲ့ရသည်။

**ကဝိလက္ခဏာသတ်ပုံ သံပေါက်ကျမ်း**

မော်ဘီဆရာသိန်း၏ မြန်မာမင်းများလက်ထက် ပညာရှိကြီးများအကြောင်းစာအုပ်တွင် သံပေါက် ၁၇၈၇ ပိုဒ်ရှိသော ကဝိလက္ခဏာသတ်ပုံ သံပေါက်ကျမ်းကြီးကို ဦးဩသည် အသက်၂၁ နှစ်အရွယ်တွင် ရေးသားခဲ့သည်ဟု ဖော်ပြထားသည်။

**ဦးဩ၏ ကဗျာလင်္ကာအစ**

ဦးဩကို ၁၀၉၈ ခုနှစ်တွင် အလုံစီရင်စု၊ မောင်းထောင်ကြီးရွာနေ ဦးဇေယျနှင့် ဒေါ်ပုတို့က မွေးဖွားသည်။ ငယ်စဉ်က မောင်းထောင်ကြီး ရွှေခါးကန်ကျောင်းတိုက် အရှင်စန္ဒသာရ၊ အရှင်ဂုဏသာရ တို့ထံ၌ ပညာသင်သည်။ နောက် ဦးရီးတော် အရှင်လင်္ကာသာရ (နောက်တွင်းသင်းတိုက်ဝန်ဖြစ်လာသူ) ရှိရာ အင်းဝ၌ ပညာထပ်၍ ဆည်းပူးခဲ့သည်။ ဦးဩသည် အသက် ရှစ်နှစ်၊ ကိုးနှစ်အရွယ် ပထမကျော်အောင်စံထားဆရာတော်ထံတွင် သာမဏေပြု၍ ပညာကိုဆက်လက်ဆည်းပူးခဲ့ရာ ထိုအခါကာလကပင် ကဗျာလင်္ကာများကို ရေးသားစပ်ဆိုခဲ့သည်။ ထိုစဉ်က ဦးဩနှင့် စာသင်ဖက်မှာ နောင်တွင် ဝေါဟာရတ္ထပကာသနီကျမ်းပြုစုသူ ဒုတိယကျော်အောင်စံထားဆရာတော်လောင်းလျာပင်ဖြစ်သည်။ ထိုမျှမကသေးဘဲ စာပေမျိုးရိုးမှာ မိခင်ဖြစ်သူ ဒေါ်ပု၏ မောင်သည် တွင်းသင်းမင်းကြီး ဦးထွန်းညိုပင်ဖြစ်ချေသည်။ ကိုရင်ဘဝ အသက် ၁၅ နှစ်ခန့်တွင် စာပေပညာများ ကုံလုံကြွယ်ဝသောကြောင့် ဆရာဖြစ်သူ ပထမကျော်အောင်စံထားဆရာတော်က လူဝတ်လဲစေပြီး ဟံသာဝတီရောက်မင်းထံ အပ်နှံခဲ့ခြင်းဖြစ်သည်။

**ဦးဩ၏ရတု**

ဦးဩအနေဖြင့် ရတုကဗျာကို အင်းဝဘက်အပိုင်းနှင့်အလောင်းဘုရားဆီ အမှုထမ်းပြီး စိန္တကျော်သူဘွဲ့ ရရှိစဉ်တွင် ရေးသည့်အပိုင်းဟူ၍ခွဲဆိုရပေမည်။ ရွှေတောင်ရာဇကျော်ဘွဲ့ရရှိချိန်တွင် ရေးခဲ့သည့် ရတု ၁၂ ပုဒ်နှင့် စိန္တကျော်သူဘွဲ့ရရှိပြီးချိန်တွင် ရေးသည့် ရတု ၄၂ ပုဒ်ဖြစ်ရာ ဦးဩအနေဖြင့် ရတု ၅၄ ပုဒ် ရေးစပ်ခဲ့ကြောင်း တွေ့ရသည်။ ရှေးယခင်က ရတုဆရာကြီးများဖြစ်သည့် နဝဒေး၊ နတ်သျှင်နောင် စသည်တို့၏ ရတုများအပေါ်မှီးထားသည်များလည်း တွေ့ရပေသည်။ ပုံစံအားဖြင့် နဝဒေးက "နတ်ကနှင်းလှာ"ဆိုသည်ကို ရွှေတောင်ရာဇကျော်ကလည်း "နတ်ဘက်ပေလှာ"ဟုရေးခဲ့သည်။ နဝဒေးက မြတ်စွာဘုရားဉာဏ်တော်နှင့်ဖြည့်တော်မူပါဟုရေးသားခဲ့သည်ကို ရွှေတောင်ရာဇကျော်က မြရိပ်တောင်ဝယ်ချီရတုတွင် "စိန္တေယျသာ၊ ကယ်မနိုင်ရာ၊ ဖြည့်လိုက်ပါတော့" ဟူ၍လည်းကောင်း၊ ရေယာဉ်သီတာချီရတုတွင် "ဉာဏ်ဖြတ်ခြည်ဝါ၊ ဖြေဖြည့်ပါလော့"ဟူ၍လည်းကောင်း၊ လက်ပံတောင်တွင်ချီရတု၌ "စည်းခုံဆုပြည့်၊ ယခုဖြည့်လော့"ဟူ၍လည်းကောင်း စပ်ဆိုခဲ့သည်။

နတ်သျှင်နောင်က ချစ်သူ့စကားကို သဇင်ပန်းနှင့်နှိုင်းခဲ့ရာ ရွှေတောင်ရာဇကျော်က ကြာညိုပန်းနှင့်နှိုင်းပြပေသည်။ ထိုသို့ ယခင်ရတုစာဆိုများကို မှီငြမ်းပြုစုရေးစပ်ထားသည်များရှိသော်လည်း မမှီငြမ်းဘဲ ရေးစပ်ထားသည်များလည်း ဤသို့တွေ့ရပေသည်။ ပုံစံအားဖြင့် သကျာမွေကျော်ချီရတုတွင် "မယ့်ဆီမင်းညို၊ ဖူးမည်ဆိုလျက်၊ သံချိုသတင်း၊ လေညင်းပျံ့မျှ၊ မကြားရခဲ့"ဟူ၍လည်းကောင်း၊ လက်ပန်တောင်တွင် ချီရတု၌ "မြွက်သံပြောင်ရွှင်၊ နတ်စောင်းငင်သို့၊ ပြုံးကျင်ရှေးစို၊ မိန့်ဆိုနောက်နှောင်း၊ ယဉ်နှုတ်ကောင်းနှင့်"ဟူ၍လည်းကောင်း၊ ပြာသိုတွင်မည်ချီရတု၌လည်း "ကြာညိုထင်ရည်၊ နှုတ်နံ့သည်လည်း၊ လေပြည်သွင်းရာ၊ ညင်းညင်းပါ၏၊ နောင့်နှာမဆုံး၊ ပွဲလုံးပျံ့ခဲ့"ဟူ၍လည်းကောင်း၊ ရေယာဉ်သီတာချီရတုတွင် "မြေသည်ထက်၊ ဆယ်ဆတက်ဟု၊ ချစ်သက်တူပြီ၊ မယ်ကညီ၍၊ နောင့်ဆီသုတ်သွင်း၊ လေညင်းညင်းသည်၊ ချမ်းတင်းခြွေခြွေလာဘိသည်"ဟူ၍လည်းကောင်းဖြစ်ကြပေသည်။

စိန္တကျော်သူဘဝတွင်လည်း ရှေးရိုးရတုဖွဲ့ စကားလုံးများနှင့်မကင်းနိုင်သည့် အဖွဲ့များလည်း ရှိခဲ့ပေသည်။ မှာလိုက်ပေသည်ချီရတုတွင် နတ်သျှင်နောင်၏ အဖွဲ့မျိုးဖြစ်သည့် "ကြာတိုက်နေသည်၊ နတ်တရည်လျှင်၊ ချစ်မည်ကေန်၊ သက်ဆုံးမှန်မူ"ဟူ၍လည်းကောင်း၊ ထိုရတုတွင်ပင် "မိန့်သံကြူကို၊ မဠူပွင့်နှယ်၊ နောင့်ထပ်လယ်က၊ မပယ်လွှဲသာ"ဟူ၍လည်းကောင်း၊ စသည်ပင်လျှင်ချီရတုတွင် "ဆယ်ခြောက်နှစ်စင်၊ ပျိုရှင်သည့်စိတ်၊ ဆွဲချိတ်မနိုင်၊ စိုးပိုင်ခွင့်ရ" ဟူ၍လည်းကောင်း၊ မှာလိုက်ပေသည်ချီရတုတွင် "ကြွေမှတ်မှားမေ့၊ လွမ်းမှုန်ဝေ့သည်၊ ဖက်၍အုံးမှာ ခွေလိမ့်မည်"ဟူ၍လည်းကောင်း၊ ရွှေချက်မြှုပ်ရာချီရတုတွင် "ချစ်မြဲနောက်ခါ၊ မုန်ရာမချုပ်၊ သည်တိုင်ကျပ်အောင်၊ သုံးရပ်သူ့ချာ၊ ကယ်မပါလော့"ဟူ၍လည်းကောင်း၊ ခုနစ်တောင်တာချီရတုတွင်"လွင့်ပျံ့ပျောင်းရစ်၊ရှိသည်ဖြစ်ကို၊ ရှင်ချစ်ဘုန်လျှမ်း၊ မက်ရည်ဆမ်းလော့"ဟူ၍လည်းကောင်း၊ ယှက်ဆုံမြစ်ဖြာချီရတုတွင် "ရတနာသိဃ်၊ ကျောက်မြို့မကို၊ သိကြားပြည်ပင်၊ ယိုးမှားထင်ဟု၊ ဝန်းကျင်ကြေညာ"ဟူ၍လည်းကောင်း ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

ထို့ပြင် ပြည်ရွှေဘိုနန်းတည်၊ မြို့တည် အချိန်အခါဖြစ်သောကြောင့် ဆည်မြောင်းချောင်းကန်တည်ဆောက်ပုံ၊ စစ်ချီစစ်တက်ကြရာတွင် လှေသင်္ဘောများအသုံးပြုကြရသည့်ပုံ၊ အလောင်းမင်းတရားကြီး၏ ဘုန်းတန်ခိုးအာနုဘော်ကြီးမားပုံတို့ကိုလည်း စိန္တကျော်သူဦးဩအနေဖြင့် စပ်ဆိုခဲ့သည်။ မဟာနန္ဒာကန်ကို မူးမြစ်မှရေဖြင့် ကန်ရေဖြည့်ပုံကို အခံအလိုက် ရတုများဖြင့်စပ်ဆိုခဲ့ရာ ချစ်၍ခေါ်သည်မှာ "မောင်ဆို" အခံရတုဖြစ်ပြီး ချစ်၍ခေါ်ရာမှာ "မယ်ဆို" အလိုက်ရတုဖြစ်သည်။ အခံရတုတွင် အချီပိုဒ်များမှာ "ချစ်၍ခေါ်သည်၊ နစ်၍ပေါ်သည်၊ ဟစ်၍ကြော်သည်"တို့ဖြစ်ကြပြီး အချပိုဒ်များမှာ "ရောက်ခါမြင်တော်မူလိမ့်မည်၊ ခြောက်ရွာထင်တော်မူလိမ့်မည်၊ မြောက်မှာကျန်တော်မူလိမ့်မည်"ဟူ၍ဖြစ်ကြရာ အချီအချတူရတုပိုဒ်စုံဖြစ်ကြောင်း တွေ့ရသည်။ အလိုက်ရတုတွင် အချီပိုဒ်များမှာ "ချစ်၍ခေါ်ရာ၊ နှစ်၍ပေါ်လှာ၊ ဟစ်၍ကြော်ကာ"တို့ဖြစ်ကြပြီး အချပိုဒ်များတွင် "ရောက်ခါမြင်ရပါလိမ့်မည်၊ ခြောက်ရွာထင်ရပေလိမ့်မည်၊ မြောက်မှာ ရွှင်ရပါလိမ့်မည်"ဟူ၍ဖြစ်ကြရာ အချီတူအချတူပိုဒ်စုံရတုဖြစ်သည်ကို တွေ့ရသည်။

စိန္တကျော်သူဦးဩ၏ ရတုကဗျာအဖွဲ့တို့သည်လည်း ရှေးရိုးစဉ်လာမှ ဖောက်ထွက်လာကာ ခေတ်စကား၊ ခေတ်အသုံးအဆောင်တို့ဖြင့် ရေးဖွဲ့လာသည်။ ထိုစဉ်ခါက သင်္ဘောများဖြင့်စစ်ချီပုံကို ရန်ကုန်ရွှေပြည်ချီရတုတွင် "သင်္ဘောရော၊ စုလာခပင်း၊ အစင်းစင်းတည့်၊ လှေချင်းရှုပ်ထပ်၊ ဆိပ်မလပ်မျှ၊ ကူရွှပ်သဗ္ဗန်၊ သက္ကတန်နှင့်၊ လှိုင်းပြန်မဟုတ်၊ လောင်းမုတ်ကတူး၊ ဆန်းထူးဘိခြင်း"ဟူ၍လည်းကောင်း၊ နီလာကျောက်သွင်ချီရတုတွင် "မူးမြစ်ရှေ့နောက်၊ တောင်မြောက်ရေကန်၊ ကျိုးသုံးတန်နှင့်၊ ကျည်သံတံခါး၊ ရင်းတားရဲလောင်း၊ အဲမောင်းလှံ့ခား၊ လေးမြားမီးပေါက်၊ အမြောက်လုံးခြုံ၊ လက်နက်ပုံဟု"ဟူ၍လည်းကောင်း၊ ပဒေသာပင်ချီရတုတွင် "ရှေ့နောက်ဝန်းလျား၊ ပြည်တိုင်းကားသည်၊ ပြန့်ပွားစည်တော့မည်ဘုရား"ဟူ၍လည်းကောင်း၊ နေဝန်းစကြာချီရတုတွင် "ပြည်သူတကာ၊ ရွှင်မျက်နှာနှင့်၊ သီတာရေချမ်း၊ ထိပ်ထက်ဆမ်းသို့၊ ဘေးဘျမ်းရန်ကွာ၊ သာယာတော့မည်"ဟူ၍လည်းကောင်း စပ်ဆိုထားသည်။

တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သူဖြစ်သည့်အလောင်းဘုရား၏ တိုက်ရည်ခိုက်ရည်၊ လက်ရုံးရည်အကြောင်းဖွဲ့ဆိုသည့် ရန်ကုန်ရွှေပြည်ချီရတုတွင် "ရေကြည်းနှစ်ကွဲ၊ ဗိုလ်စုခွဲ၍၊ သောင်းသဲအုတ်အာ၊ ချီရာမှာလည်း၊ အာကာကောင်းကင်၊ မြေပြင်ကွဲလု၊ ရဲရွှေစုနှင့်၊ ဘီလူ့အလား၊ သူ့ကျွန်များကို၊ ကြောက်ပါးဖွယ်လိ၊ မြင်လိုက်မိ၏၊ ဦးရှိမညွတ်၊ မတ်လတ်ရိုင်စိုင်း၊ ဘယ်တိုင်းဘယ်ပြည်၊ ပြိုင်မည်ခဲခက်၊ မိုးကြိုးစက်ကို၊ ယပ်ရွက်ကာမိ၊ ဖြန့်စမ်းရှိသို့၊ သိသိညက်ညက်၊ ထွားထွားပျက်လိမ့်"ဟူ၍လည်းကောင်း၊ သာလိကာမယ်ချီရတုတွင် "သိကြားမြို့ပင်၊ ခံနှင့်လျှင်လည်း၊ စက်ရှင်တော်ဘုဉ်း၊ ကိုယ်တော်မှုန်းက၊ ပျက်ပြုန်းမယိုင်၊ ဘယ်ခံနိုင်လိမ့်"ဟူ၍လည်းကောင်း၊ ကုန်းဘောင်ရွှေပြည်ချီရတုတွင် "ရဲစွမ်းအင်နှင့်၊ စက်ပြင်လှံ့မ၊ ဝင့်တိုင်းကျ၏၊ ကာကဒိုင်းလွှား၊ လေးခားသေနတ်၊ ပစ်ခတ်နိုင်နင်း၊ ဆင်မြင်းစိုင်းနှင်၊ ဘယ်ငင်ညာသွဲ့" ဟူ၍လည်းကောင်း၊ ခနေဖြူချီရတုတွင် "မှက်ခြင်ဖြုတ်လည်း၊ ကိုက်စုတ်သွေးရဲ၊ ဆုပ်၍ကြဲသို့၊ ထူထဲခြင်ရန်၊ ကာတန်မလုံ၊ ဆင်းရဲပုံခဲ့၊ ဝေးချုံပိတ်ပေါင်း၊ ကိုင်းတောင်းတောင်ကျူ"ဟူ၍လည်းကောင်း စပ်ဆိုခဲ့ပေသည်။

**ဦးဩ၏လင်္ကာ**

ဦးဩသည် ၁၁၂၀ ခုနှစ်တွင် မင်းဆက်ရာဇဝင်လင်္ကာကို ဗဒုံမြို့စား သတိုးမင်းလှရွှေတောင်ထံ ဆက်သွင်းသည်။ ထိုမြို့စားလက်ထက်တွင် စာဆိုတော်နှင့် အကြီးတော်အဖြစ် ထမ်းရွက်ရသည်။ ထိုမှ မင်းဖြစ်သောအခါ ဦးဩကို မဟာဇေယျသင်္ခယာဘွဲ့ချီးမြှင့်သည်။ မင်းဆက်ရာဇဝင်လင်္ကာတွင် တကောင်းပြည်၊ အဘိရာဇာမင်းမှစ၍ ပြန့်ပွားလာကြကုန်သော မြန်မာနိုင်ငံ မင်းဆက်များကို အစဉ်အလိုက် ဖွဲ့ဆိုသီကုံးခြင်းဖြစ်ရာ မှတ်သားလွယ်အောင် ဤမင်းဆက်လင်္ကာကြီးကို ရေးသားဟန်တူသည်။ ထို့ပြင် မြန်မာစာညွှန့်ပေါင်းကျမ်း ဒုတိယတွဲတွင် ဖော်ပြထားချက်အရ ဦးဩသည် နဝရတ်ကိုးသွယ်လင်္ကာကိုလည်း ရေးသားခဲ့သည်ဟုဆိုသည်။ ထိုလင်္ကာတွင် တိုင်းပြည်၏ မှူးကြီးမတ်ကြီးတို့သည် ပြည့်ဦးကင်း၊ ရဟန်းတို့သည် ပြည့်တံခွန်၊ ဗေဒင်ပညာရှင်သည် ပြည့်မျက်စိ၊ သူလျှိုသည် ပြည့်နား၊ မင်းညီမင်းသားဆွေမျိုးများသည် ပြည့်အစွယ်၊ သားတော်၊ သမီးတော်သည် ပြည့်မျက်နှာ၊ သူဌေးသူကြွယ်သည် ပြည့်ဝမ်း၊ စစ်သည်တို့သည် ပြည့်ခြေ၊ လက်နက်တန်ဆာသည် ပြည့်လက်ဖြစ်ကြောင်း ဖော်ပြထားသည်။

**ဦးဩ၏ ပျို့၊ ရကန်၊ လူးတား၊ ချေင်းနှင့်တောလား**

ဦးဩသည် မင်းဆက်ရာဇဝင်လင်္ကာကို ရေးပြီး နောက်နှစ်ဖြစ်သည့် ၁၁၂၂ ခုနှစ်တွင် ဩဝါဒထူးပျို့ကို ရေးသားခဲ့ပေသည်။ ရေးသားရသည့်အကြောင်းမှာ သိရှိလိုက်နာရမည့် လောကအဆုံးအမများကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ရကန်အနေဖြင့် ဝါဆိုစဉ်ရကန်နှင့် သကြံန်ရကန်တို့ဖြစ်ပြီး လူးတားအနေဖြင့် အလောင်းမင်းတရားကြီး ယိုးဒယားချီ ကေပိုဒ်လူးတား၊ အာဟိန္ဒကျီးချီ လူးတားနှင့် ဘုန်းတော်နေမင်းချီ လူးတားတို့ဖြစ်သည်။ ချေင်းအနေဖြင့် ပင်းတလဲသခင်ချေင်းနှင့် ဘိုးတော်ရှင်ချေင်းတို့ ရေးဖွဲ့ခဲ့ပေသည်။ တောလားအနေဖြင့်လည်း ပိုဒ်စုံရတုတစ်ပုဒ် ရေးဖွဲ့ခဲ့ပေသည်။ ဦးဩသည် ဟံသာဝတီပါမင်း၊ အလောင်းဘုရား၊ နောင်တော်ကြီး၊ ဆင်ဖြူရှင်၊ စဉ့်ကူးမင်း၊ ဘိုးတော်ဘုရားတိုင်အောင် မင်းခြောက်ဆက်တွင် အမှုတော်ထမ်းရွက်ခဲ့ကြောင်း တွေ့ရသည်။ ဦးဩ ကွယ်လွန်သည့်ခုနှစ်ကို အတိအကျမသိရှိကြသော်လည်း ၁၁၃၃ ခုနှစ် အသက် ၃၅ နှစ်ခန့်ဟုခန့်မှန်းကြသည်။ ဦးဩအနေဖြင့် ရတုများကို ခေတ်စကား၊ ခေတ်အထာ၊ ခေတ်အခြေအနေများဖြင့် ရုပ်လုံးကြွအောင် ထည့်သွင်းစပ်ဆိုခဲ့ရာတွင် ပထမတန်းစား ကဗျာရှင်ဖြစ်သည်ဟု ဆိုရပေမည်ဖြစ်သည်။

**ကိုးကား**


- ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း
- ဆရာဇော်ဂျီ၏ ရသစာပေနိဒါန်း
- မောင်သာနိုး၏ ဂန္ထဝင်မြန်မာကဗျာ
- ရွှေဘိုမိမိကြီး၏ ကုန်းဘောင်ဖြူဝန်းမိုး
- ဦးကျော်၏ ကုန်းဘောင်ခေတ်ဦး မြန်မာစာပေ အကဲဖြတ်ချက်

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ်လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၁၆၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၁၆၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၂၂၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၁၃၆၄ ဧက၊ ဝန်းသိုမြို့နယ်တွင် ဧက ၁၄၀၊ ပင်လည်ဘူးမြို့နယ်တွင် ၆၅၉ ဧက စုစုပေါင်း ၂၁၆၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ ပဲတီစိမ်းဧက ၂၂၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၁၆၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ထိုင်းဘေးကျားစပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ထိုင်းဘေးကျားစပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရည်ရည်ဦးက ပြောပြ၍ သိရသည်။



ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက ထိုင်းဘေးကျားစပါးတင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ထိုင်းဘေးကျားစပါးတင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဇင်ဘာလအတွင်း ထိုင်းဘေးကျားစပါးတင်းရေ အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျားစပါးကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့မှုကောင်းခဲ့တာဖြစ်ပါတယ်။ ပြည်တွင်း ဆန်၊ စပါးဈေးကွက်မှာကို ထိုင်းဘေးကျားစပါးက အဝယ်လိုက်နေတာပါ" ဟု ဘိုကလေးမြို့နယ် ဆန်၊စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရည်ရည်ဦးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘေးကျားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# နိုင်ငံဂုဏ်မြင့် အောင်လံလွင့်

- ဝါစိမ်းနီ သုံးသွယ်စပ်လို့
အလယ်အမှတ်က ကြယ်ဖြူတင်၊
စည်းလုံးညီ ပေါင်းစုအပ်တယ်
ထူးမြတ်အသွင်၊
နိုင်ငံ၏ ဥသျှောင်အသွင်
ကမ္ဘာတစ်ခွင် ဝင့်ကြွား၊
မြန်မာ့ဂုဏ်အင်
အလှစုံလင် ရွှေအဆင်းနှယ်
ထွန်းလင်းစေသား။


- သာသနာ အနှံ့အပြား
ပြန့်ပွားလို့ ထိန်ဝေစည်၊
တို့နိုင်ငံ စိမ်းစိုလန်း
အေးချမ်းရမည်၊
မျိုးချစ်စိတ် ထက်သန်သည်
သွေးချင်းညီ စုစည်းအား၊
တစ်စိတ်တစ်ဝမ်းပင်
ထိပ်တန်းဝင် အောင်ပန်းဆွတ်လို့
ထွတ်မြတ်စေသား။

- ဌာနဆိုင်ရာ ကျောင်းရုံးများနဲ့
စည်ကားလှ ဈေးရုံတွေ၊
အသွားအလာ ယာဉ်ရထားတို့
ထင်ရှားလှပေ၊
တလွင့်လွင့် တဝေဝေ
သိန်သရေ တက်နေအလား၊
အနာဂတ် မြန်မာပြည်
သာယာစည် ဂုဏ်မညှိုးစေဘု
တိုးတက်စေသား။

- လွတ်လပ်ရေးကို ဦးထိပ်ထားလို့
အမျိုးသားရေး ရှေ့တန်းတင်၊
တိုင်းရင်းဆွေ ဖော်တစ်သင်းတို့
ရင်းနှီးချစ်ခင်၊
နိုင်ငံအကျိုး ရှေးရှုနှင်
ရှေးယခုပင် အထင်ရှား၊
ညီညာစွာ လက်ကိုတွဲလို့
အခက်အခဲဟူက အဖြေရှာ
တို့ပြည်ရွာ သာစေမှုကို
(ကွယ်.....)
ပေါင်းစုကြိုးစား။ ။

**စန်းထက်(ဖန်ခါးမြေ)**

**ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်**



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

# နိုင်ငံတကာ သတင်းများ

## အသံထက်မြန်နှုန်းလွန် ဟိုက်ပါဆိုးနစ်ဒုံးကျည်စမ်းသပ်မှုကို ကင်ဂျုံအန်ကိုယ်တိုင် ကြီးကြပ်



**ပြုံယမ်း ဇန်နဝါရီ ၅**

မြောက်ကိုရီးယား တပ်မတော်က ဇန်နဝါရီ ၄ ရက်တွင် ပြုလုပ်ခဲ့သော အသံထက် မြန်နှုန်းလွန် ဟိုက်ပါဆိုးနစ် ဒုံးကျည်စမ်းသပ်မှုကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကိုယ်တိုင် ကြီးကြပ်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

စမ်းသပ်မှုအတွင်း အသုံးပြုခဲ့သည့် ဟိုက်ပါဆိုးနစ်ဒုံးကျည်သည် ခရီးအကွာအဝေး မိုင် ၆၀၀ ကျော်ကို အသံမြန်နှုန်းထက် ငါးဆပိုသော အမြန်နှုန်း၊ တစ်နည်းအားဖြင့် တစ်နာရီလျှင် မိုင် ၃၈၅၀ အမြန်နှုန်းဖြင့် ပျံသန်းခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရ၏ ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

လက်ရှိ ပေါ်ပေါက်နေသည့် ပထဝီနိုင်ငံရေး တင်းမာမှုများနှင့် နိုင်ငံတကာပြဿနာများ၏ အခြေအနေအရ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အားကိုးအားထားပြုနိုင်မည့် နျူကလီးယားလက်နက်အရံအတားစနစ်ကို ထိန်းထားနိုင်ရေးအတွက် မဟာဗျူဟာအရ အလွန်အရေးကြီးကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံကို အမေရိကန်နိုင်ငံက တိုက်ခိုက်ခဲ့မှုကို ဝေဖန်ရှုတ်ချခဲ့ပြီးနောက် ဟိုက်ပါဆိုးနစ်ဒုံးကျည် စမ်းသပ်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် ပြီးခဲ့သည့် အောက်တိုဘာလကလည်း ဟိုက်ပါဆိုးနစ်ဒုံးကျည် စမ်းသပ်မှုကို နောက်ဆုံးတစ်ကြိမ် ပြုလုပ်ခဲ့သည်။

မြောက်ကိုရီးယား၏ နျူကလီးယားအရံအတား စနစ်များထဲတွင် နျူကလီးယားထိပ်ဖူး သယ်ဆောင်နိုင်သည့် ဟိုက်ပါဆိုးနစ်ဒုံးကျည်စနစ်များလည်း ပါဝင်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## တရုတ်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကိုးခု ရယူ

**ပေကျင်း ဇန်နဝါရီ ၅**

တရုတ်နှင့် တောင်ကိုရီးယား ကုမ္ပဏီများသည် ယနေ့တွင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ကိုးခုကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်၏ တရုတ်နိုင်ငံခရီးစဉ်ကာလအတွင်း အဆိုပါ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များကို တရုတ်နှင့် တောင်ကိုရီးယားကုမ္ပဏီများက လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်သည် သမ္မတရာထူးရယူပြီးနောက်ပိုင်း ပထမဆုံး တရုတ်နိုင်ငံခရီးစဉ်အဖြစ် ဇန်နဝါရီ ၄ ရက်တွင် ပေကျင်းမြို့သို့ ရောက်ရှိခဲ့သည်။




သမ္မတလီဂျေးမြောင်၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့သည့် ကုမ္ပဏီများထဲတွင် အလီဘာဘာ၊ လီဒိုဗိုစသည့် တရုတ်ကုမ္ပဏီကြီးများလည်း ပါဝင်ကြောင်း သိရသည်။

တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်၏ လေးရက်ကြာခရီးစဉ်တွင် ဆမ်ဆောင်းအီလက်ထရောနစ် ကုမ္ပဏီအကြီးအကဲ ဂျေးဝိုင်လီ အပါအဝင် တောင်ကိုရီးယားစီးပွားရေးလုပ်ငန်းရှင် ဦးရေ ၂၀၀ ကျော်လည်း လိုက်ပါလာကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သမ္မတ လီဂျေးမြောင်သည် ယနေ့တွင် ပေကျင်းမြို့၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စများနှင့် အခြားဒေသတွင်း ကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဝန်ကြီးချုပ်ရာထူးသက်တမ်းကို အများဆုံး ၁၀ နှစ်သာထားရှိရေး မလေးရှားကြိုးစားမည်

**ကွာလာလမ်ပူ ဇန်နဝါရီ ၅**

မလေးရှားနိုင်ငံ အနေဖြင့် အစိုးရစနစ်ဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ယခုနှစ်နှင့် လာမည့်နှစ်များအတွင်း အကောင်အထည်ဖော်မည်ဟု မလေးရှား ဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က ယနေ့တွင် ကြေညာခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင် ကြေညာခဲ့သော အစိုးရစနစ် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များထဲတွင် ဝန်ကြီးချုပ်များ၏ ရာထူးသက်တမ်းကို အများဆုံး ၁၀နှစ်ထိသာ သတ်မှတ်ရေးလည်းပါဝင်သည်။

မိမိတို့အနေဖြင့် ဝန်ကြီးချုပ်များ၏ ရာထူးသက်တမ်းကို အများဆုံး ၁၀ နှစ်သတ်မှတ်ရေး ဥပဒေကြမ်းအား လွှတ်တော်သို့တင်သွင်းမည် ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က ပြောကြားထားသည်။




မလေးရှား ဝန်ကြီးချုပ်များ၏ ရာထူးသက်တမ်းကို ၁၀ နှစ်ထိသာ သတ်မှတ်ရေးသည် မလေးရှား ဝန်ကြီးချုပ် အန်ဝါအီဘရာဟင် ဦးဆောင်သော ညွန့်ပေါင်းအုပ်စု၏ ၂၀၂၂ ခုနှစ်ရွေးကောက်ပွဲ ကတိကဝတ်များထဲတွင် ပါဝင်သည်။

မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်သည် ၂၀၂၂ ခုနှစ် ရွေးကောက်ပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကတိကဝတ်များဖြင့် အနိုင်ရခဲ့သူဖြစ်သည်။

သို့ရာတွင် လက်ရှိတွင် မလေးရှား ဝန်ကြီးချုပ် အန်ဝါအီဘရာဟင်မှာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာနေမှုကြောင့် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နိုင်ဂျီးရီးယားနိုင်ငံ၌ ရေယာဉ်တစ်စီးတိမ်းမှောက် လူ ၂၅ ဦးသေဆုံး၍ ၁၄ ဦး ပျောက်ဆုံး

**အဘူဂျာ ဇန်နဝါရီ ၅**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ယိုဘီပြည်နယ်၌ ခရီးသည်အများအပြား လိုက်ပါလာသည့် ရေယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ လူ ၂၅ ဦးသေဆုံး၍ ၁၄ဦးပျောက်ဆုံးနေကြောင်း ပြည်နယ်တာဝန်ရှိသူများက ဇန်နဝါရီ ၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ရေယာဉ်နစ်မြုပ်မှုသည် ဇန်နဝါရီ ၃ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့ကြောင်း ယိုဘီပြည်နယ် တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါရေယာဉ်သည် ဂျီဂါဝါပြည်နယ် အဒီယာနီကျေးရွာမှ ယိုဘီပြည်နယ် ဂါဘီမြို့သို့ မောင်းနှင်နေစဉ် တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိမ်းမှောက်ခဲ့သည့် ခရီးသည်တင်ရေယာဉ်ပေါ်၌ ခရီးသည် ၅၂ ဦး လိုက်ပါလာကြောင်း ယိုဘီပြည်နယ် တာဝန်ရှိသူများက ပြောကြားထားသည်။

ရေယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည်များအနက် ၁၃ ဦးကို တာဝန်ရှိသူများက ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဘေးကင်းလုံခြုံရေး စည်းမျဉ်းများ လိုက်နာမှုမရှိသည့် ရေယာဉ်များကြောင့် နိုင်ဂျီးရီးယားနိုင်ငံ၌ ရေကြောင်း မတော်တဆမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အလေးချိန် ၂၄၃ ကီလိုဂရမ်ရှိ ပစိဖိတ်ဘလူးဖင်းတူနာငါး ဂျပန်လေလံပွဲ၌ ဒေါ်လာ သုံးသန်းကျော်ဖြင့်ရောင်းချနိုင်ခဲ့

**တိုကျို ဇန်နဝါရီ ၅**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တိုယိုဆုငါးဈေးတွင် ယနေ့ပြုလုပ်ခဲ့သော လေလံပွဲ၌ ပစိဖိတ်ဘလူးဖင်း တူနာငါးတစ်ကောင်ကို ဂျပန်ယန်းငွေ သန်း ၅၁၀ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ သန်း)ဖြင့် စံချိန်တင် ရောင်းချနိုင်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ဘလူးဖင်းတူနာငါးကို ဆူရှီ ထုတ်လုပ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ကီယိုမူရာ ကုမ္ပဏီက ဝယ်ယူခဲ့ခြင်းဖြစ်သည်။

အဆိုပါတူနာငါးသည် အလေးချိန် ၂၄၃ ကီလိုဂရမ်ရှိပြီး ဂျပန်နိုင်ငံမြောက်ပိုင်း အိုမာမြို့ ကမ်းရိုးတန်းကမ်းလွန်၌ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

အိုမာမြို့ ကမ်းရိုးတန်းကမ်းလွန်သည် ကာလပေါက်ဈေး တစ်ကီလိုဂရမ်လျှင် ယန်းငွေ ၂ ဒသမ ၁ သန်း (အမေရိကန်ဒေါ်လာ ၁၃၃၆၀) ထိရှိသည့် အရည်အသွေးမြင့် တူနာငါးပေါ်များသည့် ရေပြင်ဖြစ်သည်။

ဂျပန်နိုင်ငံသားများ အလွန်နှစ်သက်သည့် ဘလူးဖင်းတူနာငါးများသည် တစ်ချိန်က မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သည့် ရေနေသက်ရှိများအဖြစ် သတ်မှတ်ခံခဲ့ရသည်။

သို့ရာတွင် နောက်ပိုင်းတွင် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများ ထိရောက်စွာ လုပ်ဆောင်နိုင်ခဲ့သဖြင့် ဘလူးဖင်းတူနာငါး ပြန်လည် တိုးပွားလာခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## စပေ့စ်အိတ်ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုကွန်ရက်ဂြိုဟ်တုများ၏ ပတ်လမ်းအမြင့်ကို ယခုနှစ်အတွင်း လျှော့ချမည်



ဝါရှင်တန် ဇန်နဝါရီ ၅

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ကွန်ရက် ဂြိုဟ်တုများ၏ပတ်လမ်းအမြင့်ကို ယခုနှစ်အတွင်း လျှော့ချမည်ဖြစ်ကြောင်း ဇန်နဝါရီ ၄ ရက် သတင်းများအရ သိရသည်။

အာကာသ ဘေးကင်းလုံခြုံမှုကို မြှင့်တင်ရေးအတွက် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများ၏ ပတ်လမ်းကို လျှော့ချရန် စပေ့စ်အိတ်ကုမ္ပဏီက စီစဉ်ထားသည်။

အထက်ပါအစီအစဉ်အရ စပေ့စ်အိတ်ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တုများ၏ ပတ်လမ်းအမြင့်ကို လက်ရှိကီလိုမီတာ ၅၅၀ အမြင့်မှ ကီလိုမီတာ ၄၈၀ အမြင့်သို့ လျှော့ချမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း စတားလင့်ခ်ဂြိုဟ်တုတစ်စင်းပေါ်၌ ပေါက်ကွဲမှုတစ်မျိုးဖြစ်ပွားခဲ့ပြီး မြေပြင်နှင့်အဆက်အသွယ်ပြတ်တောက်ခဲ့ပြီးနောက် စတားလင့်ခ်ဂြိုဟ်တုများ၏ ပတ်လမ်းအမြင့်ကို လျှော့ချရန် စပေ့စ်အိတ်ကုမ္ပဏီက စီစဉ်ထားခြင်းဖြစ်ကြောင်း၊ စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ်ဂြိုဟ်တု ကွန်ရက်သည် ကမ္ဘာ့အကြီးဆုံး ဂြိုဟ်တုကွန်ရက်ဖြစ်ပြီး ဂြိုဟ်တုအစင်းရေ ၁၀၀၀၀ ခန့်ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်များအတွင်း နိုင်ငံတကာ နည်းပညာကုမ္ပဏီများနှင့် နိုင်ငံများက အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်များ တည်ဆောက်ခဲ့ကြသဖြင့် ကမ္ဘာ့ပတ်လမ်းပေါ်ရှိ ဂြိုဟ်တုအရေအတွက်မှာ သိသိသာသာ မြင့်တက်လာခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## တရုတ်အမျိုးသမီး ရုက္ခဗေဒပညာရှင် ကောင်တင်းယန်ကိုအစွဲပြု၍ ဂြိုဟ်သိမ်တစ်စင်းကို ကောင်တင်းယန်ဂြိုဟ်သိမ်ဟူ၍ အမည်ပေးထား

ပေကျင်း ဇန်နဝါရီ ၅

တရုတ်အမျိုးသမီး ရုက္ခဗေဒပညာရှင် ကောင်တင်းယန်ကိုအစွဲပြု၍ ဂြိုဟ်သိမ်တစ်စင်းကို ကောင်တင်းယန်ဂြိုဟ်သိမ်ဟူ၍ အမည်ပေးထားကြောင်း တရုတ်သိပ္ပံအကယ်ဒမီက ဇန်နဝါရီ ၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ရုက္ခဗေဒပညာရှင် ကောင်တင်းယန်သည် အလင်းရောင်ဖြင့် စွမ်းအင်ထုတ်လုပ်မှု ဖြစ်စဉ်ကို လေ့လာခဲ့မှုအတွက် ထင်ရှားသည့် တရုတ်အမျိုးသမီး သိပ္ပံပညာရှင်ဖြစ်ကြောင်း သိရသည်။

အမှတ်စဉ် (၂၉၅၀၉)ဟူ၍ သတ်မှတ်ထားသော ၎င်းဂြိုဟ်သိမ်ကို ရုက္ခဗေဒပညာရှင် ကောင်တင်းယန်ကို အစွဲပြု၍ အမည်ပေးထားမှုကို နိုင်ငံတကာ နက္ခတ္တဗေဒသမဂ္ဂက လက်ခံအတည်ပြုထားပြီးဖြစ်ကြောင်း သိရသည်။



အမှတ်စဉ် (၂၉၅၀၉) ဂြိုဟ်သိမ်ကို တရုတ်သိပ္ပံအကယ်ဒမီလက်အောက်ခံ အမျိုးသားနက္ခတ္တဗေဒ လေ့လာရေးဌာနက ၁၉၉၇ ခုနှစ်တွင် ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်ပြီး အမှတ်စဉ် (၂၉၅၀၉) ဂြိုဟ်သိမ်ကို ကောင်တင်းယန်ဂြိုဟ်သိမ်အဖြစ် တရားဝင်အမည်ပေးပွဲကို တရုတ်သိပ္ပံ အကယ်ဒမီက ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ကျင်းပခဲ့သည်။

ရုက္ခဗေဒပညာရှင် ကောင်တင်းယန်သည် တရုတ်သိပ္ပံအကယ်ဒမီ၏ပညာရှင်အဖွဲ့ဝင် တစ်ဦးဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ၂၀၂၆ ခုနှစ်အတွင်း C/2025 R 3 ကြယ်တံခွန်၏အလင်းအားက သာမန်မျက်စိဖြင့် တွေ့မြင်နိုင်သည်ထိ အားကောင်းလာနိုင်

ဝါရှင်တန် ဇန်နဝါရီ ၅

၂၀၂၆ ခုနှစ်အတွင်း C/2025 R3အမည်ရှိကြယ်တံခွန်၏အလင်းအားသည် သာမန်မျက်စိဖြင့် တွေ့မြင်နိုင်သည်ထိ အားကောင်းလာနိုင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ ဇန်နဝါရီ ၄ ရက် သတင်းများအရ သိရသည်။

C/2025 R 3 ကြယ်တံခွန်သည် ယခုနှစ် ဧပြီ ၂၀ ရက်တွင် နေကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ပြီး ဧပြီ ၂၇ ရက်တွင် ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှ ဖြတ်ကျော် ပျံသန်းမည်ဖြစ်သည်။

အထက်ပါ ကာလအပိုင်းအခြားအတွင်း C/2025 R 3 ကြယ်တံခွန်၏ အလင်းအားမှာ သာမန်မျက်စိဖြင့် တွေ့မြင်နိုင်သည်ထိ မြင့်တက်လာနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်သန်းချိန်တွင် C/2025 R 3 ကြယ်တံခွန်၏ အလင်းအား မည်မျှထိ အားကောင်းလာနိုင်သည်ကို နှိုင်းယှဉ်ရန် ခက်ခဲသော်လည်း အဝေးကြည့်မှန်ပြောင်းများ၊ အသေးစားတယ်လီစကုပ်များနှင့် အလွယ်တကူ တွေ့မြင်နိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းချိန်တွင် C/2025 R 3 ကြယ်တံခွန်၏ အလင်းအားသည် မဂ္ဂနီကျူ ၂ ဒသမ ၅ ထိ ရှိလာနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## Gastroparesis အစာအိမ်ပြဿနာကို လူလေးဦးလျှင် တစ်ဦးနှုန်း ခံစားနေရ

နယူးယောက် ဇန်နဝါရီ ၅

Gastroparesis ခေါ် အစာအိမ်ကြွက်သားများ ထိခိုက်မှုပြဿနာကို လူလေးဦးလျှင် တစ်ဦးနှုန်း ခံစားနေရကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇန်နဝါရီ ၄ ရက် သတင်းများအရ သိရသည်။

Gastroparesis ပြဿနာပေါ်ထွက်ခဲ့ပါက အစာအိမ်၏ အစာခြေဖျက်မှုလုပ်ငန်းစဉ် နှေးကွေးသွားပြီး ရင်ပြည့်ခြင်း၊ အော့အန်ခြင်း၊ ဝမ်းဗိုက်နာခြင်း စသည်တို့ကို ခံစားရတတ်သည်။

အမေရိကန်နိုင်ငံ ကိုလံဘီယာ တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လူလေးဦးလျှင် တစ်ဦးမှာ Gastroparesis ပြဿနာကို ခံစားနေရကြောင်း သိရသည်။

သုတေသနပညာရှင်များ၏ အဆိုအရ Gastroparesis ပြဿနာ အတွေ့ရအများဆုံး ရောဂါနောက်ခံ အကြောင်းတရားမှာ ဆီးချိုရောဂါဖြစ်ကြောင်း သိရသည်။

ဆီးချိုရောဂါသည် အစာအိမ်ကြွက်သားများ ကျုံ့ဝင်ရန် သို့မဟုတ် ဖြေလျှော့ရန် အချက်ပေးသည့် Vagus Nerve ခေါ် အာရုံနှာဗ်ဆဲလ်များ အပါအဝင် အစာအိမ်အာရုံနှာဗ်ဆဲလ်များကို ဖျက်ဆီးတတ်ကြောင်း သိရသည်။

ထို့ပြင် Gastroparesis ပြဿနာရှိနေသူများ အဓိကခံစားရသည့်ရောဂါလက္ခဏာမှာ ဗိုက်နာခြင်းဖြစ်ပြီး လူနာ ၉၀ ရာခိုင်နှုန်း ခံစားကြရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## တက်စတိုစတာရုန်းဟော်မုန်းအစားထိုးကုထုံးက အမျိုးသားများ၏လိင်စွမ်းဆောင်ရည်ကိုမြှင့်တင်နိုင်

နယူးယောက် ဇန်နဝါရီ ၅

တက်စတိုစတာရုန်းဟော်မုန်းအစားထိုးကုထုံး (TRT) သည် အမျိုးသားများ၏ လိင်စွမ်းဆောင်ရည်ကို လျင်မြန်စွာမြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇန်နဝါရီ ၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တက်စတိုစတာရုန်းဟော်မုန်းတွင် လိင်စွမ်းဆောင်ရည်မှသည် ကြွက်သားများ တည်ဆောက်မှုထိ အရာရာကို ထိန်းချုပ်ပေးသော အမျိုးသားလိင်ဟော်မုန်းဖြစ်သော်လည်း အမျိုးသားသန်းပေါင်းများစွာတို့မှာ တက်စတိုစတာရုန်းဟော်မုန်းအဆင့် ကျဆင်းမှုပြဿနာနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာချက်အရ TRT ဟော်မုန်းအစားထိုးကုထုံးများသည် တက်စတိုစတာရုန်း အားနည်းသူ အမျိုးသားများ၏ လိင်စွမ်းဆောင်ရည်ကို ပြန်လည်မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

တက်စတိုစတာရုန်းဟော်မုန်း အဆင့် အားနည်းသူ အမျိုးသားများအနေဖြင့် TRT ကုထုံးကို သုံးစွဲပါက နှစ်လအတွင်း လိင်စွမ်းဆောင်ရည် ပြန်လည်အားကောင်းလာသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

တက်စတိုစတာရုန်းဟော်မုန်းအဆင့် ကျဆင်းချိန်တွင် အမျိုးသားများအနေဖြင့် ပင်ပန်းနွမ်းနယ်မှု၊ စိတ်ခံစားကျဆင်းမှု၊ ကိုယ်အလေးချိန်ကျဆင်းမှုနှင့်ပန်းသေပန်းညှိုးပြဿနာများနှင့် ရင်ဆိုင်ရတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# နေမာ ကစားသမားဘဝမှအနားယူရန် ဆုံးဖြတ်ထားကြောင်း ဖခင်ဖြစ်သူ ပြောကြား

**ရီယိုဒီဂျနေရိုး ဇန်နဝါရီ ၅**

ဆန်းတို့စ်အသင်း တိုက်စစ်ကစားသမားနေမာသည် နောက်ဆုံးတစ်ကြိမ် ဒဏ်ရာထပ်မံရရှိခဲ့ပြီးနောက် ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ထားကြောင်း ၎င်း၏ အေးဂျင့်အဖြစ်ဆောင်ရွက်နေသည့် ဖခင်ဖြစ်သူ နေမာဒါဆေးဗားက ထုတ်ဖော်ပြောကြားခဲ့သည်ဟု Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နေမာသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘရာဇီးကလပ် ဆန်းတို့စ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ဒဏ်ရာ မကြာခဏ ရရှိနေသဖြင့် ခြေစွမ်းပိုင်းတည်ငြိမ်ရန် ရုန်းကန်ခဲ့ရပြီး၂၀၂၅ ခုနှစ် ဒီဇင်ဘာ၂၂ ရက်တွင်လည်း ဒူးဒဏ်ရာရရှိခဲ့သဖြင့် အသေးစားခွဲစိတ်ကုသမှု ခံယူခဲ့ရသောကြောင့် ကစားသမားဘဝမှ အနားယူရန်ဆုံးဖြတ်ခဲ့သည်။

၎င်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းအတွက် ပါဝင်ကစားပေးရန် မျှော်လင့်ထားသော်လည်း၂၀၂၃ ခုနှစ် နိုဝင်ဘာလကတည်းက ဒူးအရွတ်ဒဏ်ရာ ရရှိခဲ့သောကြောင့် လက်ရွေးစင်အသင်းအတွက် ပါဝင်ကစားနိုင်ခြင်းမရှိဘဲ လက်ရှိအချိန်ထိ ကြံ့ခိုင်မှုပြည့်ဝရန် ရုန်းကန်ခဲ့ရကာ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ဘရာဇီးအသင်းနှင့် ပူးပေါင်းနိုင်တော့မည်မဟုတ်ကြောင်း ဖခင်ဖြစ်သူက အင်တာဗျူး အစီအစဉ်တစ်ခုတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အသက် ၃၃ နှစ်ရှိ ကစားသမားသည် ၂၀၂၅ ခုနှစ်က ဒဏ်ရာပြဿနာများဖြင့် ရုန်းကန်ခဲ့ရသော်လည်း ပြိုင်ပွဲစုံ ၂၈ ပွဲတွင် သွင်းဂိုး ၁၁ ဂိုး သွင်းယူခဲ့ပြီး ဘရာဇီးလက်ရွေးစင် အသင်းတွင်လည်း ၂၀၂၀ ပြည့်နှစ်မှ စတင်ပါဝင်ကာ ပြိုင်ပွဲစုံ ၁၂၈ ပွဲတွင် သွင်းဂိုး ၇၉ ဂိုးထိ သွင်းယူခဲ့သောကြောင့် အသင်းတွင် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်ထားကြောင်း သိရသည်။

**Ref : Espn**
**Trs : ML**




## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းနည်းပြ ဖလစ်က အယ်လ်ဟီလယ်အသင်း တောင်ပံခံစစ်ကစားသမား ကန်ဆယ်လိုကို ရာသီဝက်အငှားစာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- တူကီယဲကလပ် စူပါလိဂ်ချန်ပီယံ ဂါလာတာစာရေးအသင်းက အင်တာမီလန်အသင်းမှ ကွင်းလယ်ကစားသမား ဖရာတက်စီကို အပြီးသတ်ဝယ်ယူခွင့်ပါဝင်သည့် ကနဦးအငှားစာချုပ် ယူရို ၃၅ သန်းဖြင့် ခေါ်ယူရန်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။
- ခံစစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် တင်ဘာကို အာဆင်နယ်အသင်းက လုပ်ခလစာတိုးမြှင့်၍ စာချုပ်သစ်ချုပ်ဆိုရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**ML**

# United Cup တင်းနစ်ပြိုင်ပွဲတွင် ပိုလန်အသင်းက ဂျာမနီအသင်းကို အနိုင်ရရှိ

**ဆစ်ဒနီ ဇန်နဝါရီ ၅**

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင်ကျင်းပနေသည့် United Cup တင်းနစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်တစ်ပွဲအဖြစ် ပိုလန်အသင်းနှင့် ဂျာမနီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပိုလန်အသင်းက (၂-၁)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ပိုလန်အသင်းတွင် ဂရန်းစလန်းဆုဖလား ခြောက်လုံးထိ ရရှိထားသော စဝီယာတက်ခ်နှင့် နာမည်ကြီးကစားသမား ဟာကက်ဇ်တို့ ပါဝင်ပြီး ဂျာမနီအသင်းတွင် နာမည်ကြီးကစားသမား ဇီရက်ဖ်နှင့် အီဗာလီတို့ပါဝင်ခဲ့ကြသည်။

အမျိုးသားတစ်ဦးချင်း ပွဲစဉ်အဖြစ် ပိုလန်အသင်းမှ ဟာကက်ဇ်နှင့် ဂျာမနီအသင်းမှ ဇီရက်ဖ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ (၆-၃၊ ၆-၄) ရလဒ်ဖြင့် ဟာကက်ဇ်က အနိုင်ရခဲ့သည်။

အမျိုးသမီးတစ်ဦးချင်းပွဲစဉ်တွင် ပိုလန်အသင်းမှ စဝီယာတက်ခ်က ဂျာမနီအသင်းမှ အီဗာလီနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင် စဝီယာတက်ခ်က (၃-၆) ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

ပထမပွဲငယ် ရှုံးနိမ့်ခဲ့သည့်အတွက် ဖိအားဝင်ခဲ့သော်လည်း စဝီယာတက်ခ်အနေဖြင့် ဒုတိယပွဲငယ်တွင် အကောင်းဆုံးပုံစံဖြင့် ပြန်လည်ကစားခဲ့ရာ အနိုင်ရလဒ်ကို စွမ်းဆောင်ခဲ့ပြီး အဆုံးအဖြတ်ပွဲစဉ်တွင်လည်း အနိုင်ရကာ (၃-၆၊ ၆-၃၊ ၆-၄)ရလဒ်ဖြင့် ပိုလန်အသင်းအတွက် နိုင်ပွဲရယူခဲ့သည်။

စဝီယာတက်ခ်က "ပထမပွဲငယ်က ခက်ခဲခဲ့ပါတယ်။ ပြတ်သားတဲ့ရလဒ်နဲ့ ရှုံးနိမ့်ခဲ့တဲ့အတွက် ဖိအားဝင်သွားခဲ့ပါတယ်။ အီဗာဟာ ဒီပွဲစဉ်ကိုအနိုင်ရအောင် ကစားသွားဖို့ ပစ်မှတ်ထားတဲ့ သဘောပါ။ ဒါပေမဲ့လဲ ဒုတိယပွဲငယ်နဲ့ တတိယပွဲငယ်တွေမှာ အကောင်းဆုံးပုံစံနဲ့ ပြန်လာနိုင်ခဲ့ပြီး ပိုလန်အတွက် နိုင်ပွဲရအောင် စွမ်းဆောင်ပေးနိုင်ခဲ့လို့ ဝမ်းသာပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : TSN**
**Trs : AZL**

# ရန်ကုန်ယူနိုက်တက်အသင်းက တိုက်စစ်ပိုင်းအားဖြည့်မှုအဖြစ် လိုက်ဘေးရီးယားနိုင်ငံသား ဘလာမိုဝီး ကို ရာသီကုန်ထိစာချုပ်ချုပ်ဆို

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်ယူနိုက်တက် အသင်းသည် လာမည့် မြန်မာနေရှင်နယ်လိဂ် (ဒုတိယအကျော့ပွဲစဉ်များ) အတွက် တိုက်စစ်ပိုင်း အားဖြည့်မှုအဖြစ် လိုက်ဘေးရီးယားနိုင်ငံသား တိုက်စစ်မှူး ဘလာမိုဝီးကို ယခုနှစ်ဘောလုံးရာသီကုန်ထိ စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ် ရှိ တိုက်စစ်မှူး ဘလာမိုဝီးသည် River Gee County အသင်းနှင့်အတူ ကစားသမားဘဝကို စတင်ခဲ့ပြီး Golden Boot ဆုကိုပါ ဆွတ်ခူးခဲ့ကာ ပရော်ဖက်ရှင်နယ် ဘောလုံးသမားအဖြစ် Wintown United အသင်း၊ Paynesville FC အသင်းတို့တွင် ခြေစွမ်းပြ ကစားခဲ့ပြီးနောက် ရန်ကုန်ယူနိုက်တက် အသင်းကို ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ဘလာမိုဝီးက "ရန်ကုန်ယူနိုက်တက်အသင်းက ခေါ်တဲ့အတွက် တကယ်ကို ပျော်ရွှင်မိပါတယ်။ ပရိသတ်တွေလိုချင်တဲ့ ရလဒ်တွေကို ယူဆောင်ပေးဖို့လဲ အဆင်သင့်ဖြစ်နေပါပြီ။ ပရိသတ်တွေ ဂုဏ်ယူနေရတဲ့ အသင်းဖြစ်ဖို့အတွက် အကောင်းဆုံးကြိုးစားသွားပါမယ်။ အသင်းကိုလဲ ဆက်လက်ပြီး အားပေးကြဖို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ အကောင်းဆုံးပုံစံနဲ့ အသင်းရဲ့ ရည်မှန်းချက်တွေကို ပြည့်မြောက်အောင် ယှဉ်ပြိုင်သွားပါမယ်"ဟု ပြောကြားခဲ့သည်။

ဘလာမိုဝီးသည် လာမည့် မြန်မာနေရှင်နယ်လိဂ် (ဒုတိယအကျော့) ပွဲစဉ်များမှ စတင်ပါဝင်ကစားမည်ဖြစ်ပြီး ကျောနံပါတ်(၁၂)ကို ဝတ်ဆင်မည်ဖြစ်ကြောင်း သိရသည်။

**STA**

# BYD Karachi Marathon အပြေးပြိုင်ပွဲ ချန်ပီယံဆုကို အစ္စရာ ဆွတ်ခူး

**ကရာချိ ဇန်နဝါရီ ၅**

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ကျင်းပခဲ့သည့် BYD Karachi Marathon အပြေးပြိုင်ပွဲတွင် ပါကစ္စတန်အပြေးသမား အစ္စရာက ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




နိုင်ငံ ၂၅ နိုင်ငံမှ အပြေးသမား ၁၂၀ ကျော်နှင့် ပါကစ္စတန်အပြေးသမား ၇၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အစ္စရာက ၂ နာရီ ၅၉ မိနစ် ၅၈ စက္ကန့်ဖြင့် ပန်းဝင်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

အစ္စရာအနေဖြင့် ချန်ပီယံဆုကို စံချိန်မှတ်တမ်းကောင်းဖြင့် ဆွတ်ခူးခဲ့ခြင်းကြောင့် အိုလံပစ်အားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဟု ပါကစ္စတန် အားကစားရေးရာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

စံချိန်ကောင်း တစ်ရပ်ဖြင့် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သော်လည်း ကမ္ဘာ့စံချိန်ကို ကျော်ဖြတ်ရန် အဆပေါင်းများစွာ ကြိုးစားရမည်ဖြစ်ကြောင်း အစ္စရာက ဝန်ခံပြောကြားခဲ့သည်။

ပါကစ္စတန် အားကစားရေးရာဝန်ကြီးဌာနက "BYD Karachi Marathon အပြေးပြိုင်ပွဲမှာ အစ္စရာက ပြိုင်ပွဲဝင် ၇၀၀၀ ကျော်ကို ကျော်ဖြတ်ပြီး ချန်ပီယံဖြစ်ခဲ့ပါတယ်။ သူ့အနေနဲ့ ပါကစ္စတန်မာရသွန်အပြေးလောကရဲ့ စံချိန်ကောင်းနဲ့ ပန်းဝင်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ အစ္စရာအနေနဲ့ လာမဲ့ အိုလံပစ် အားကစားပွဲတော်မှာ ပါကစ္စတန်နိုင်ငံ ကိုယ်စားပြုအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတော့မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

အစ္စရာက "ကျွန်တော့်ရဲ့ရည်မှန်းချက်က အိုလံပစ်အားကစားပွဲတော်မှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရဖို့ပဲဖြစ်ပါတယ်။ အခု ကျွန်တော့်ဆန္ဒတွေ ပြည့်မြောက်ခဲ့ပါပြီ။ ဒါပေမဲ့လဲ ကျွန်တော့်အနေနဲ့ ကမ္ဘာ့အဆင့်အတွက် အများကြီး ကြိုးစားရပါအုံးမယ်။ အခုရတဲ့စံချိန်ထက် မိနစ် ၃၀ လောက် ပိုစောအောင်ပန်းဝင်နိုင်မှ ကမ္ဘာ့အဆင့်မှာ အောင်မြင်မှုရယူနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Espn**
**Trs : AZL**

# အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ရှယ်လ်ဘီကောင်တီတွင် လောင်ကျွမ်းနေသောတောမီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေ



**ဝါရှင်တန် ဇန်နဝါရီ ၅**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ရှယ်လ်ဘီကောင်တီတွင် လောင်ကျွမ်းနေသော တောမီးမှာ ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိနေကြောင်း တက္ကဆက်ပြည်နယ်မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရှယ်လ်ဘီကောင်တီတွင် လောင်ကျွမ်းနေသည့် တောမီးသည် ဇန်နဝါရီ ၄ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး သစ်တောမြေ ၂၇၅ ဧကထိ ကူးစက်လောင်ကျွမ်းနေကြောင်း၊ တောမီးသည် Sabine National Forest တွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ခြောက်သွေ့သည့် ရာသီဥတုကြောင့် တောမီးကူးစက်မှုနှုန်းမြန်ဆန်နေကြောင်း၊ တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေပြီး ရှယ်လ်ဘီကောင်တီ မီးသတ်တပ်ဖွဲ့ဝင်များကို ကူညီပေးရန်အတွက် တက္ကဆက်ပြည်နယ်မီးသတ်တပ်ဖွဲ့ဝင်တချို့ ရောက်ရှိနေကြောင်း သိရသည်။

"ရှယ်လ်ဘီကောင်တီမှာ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပါတယ်။ တောမီးဟာ Sabine National Forest သစ်တောကြိုးဝိုင်းကနေပြီးတော့ စတင်လောင်ကျွမ်းခဲ့တာဖြစ်ပါတယ်။ သစ်တောမြေ ၂၇၅ ဧကထိ ကူးစက်လောင်ကျွမ်းနေပါတယ်။ အချိန်မီ မထိန်းချုပ်နိုင်ရင်တော့ တောမီးလောင်ကျွမ်းတဲ့ဧရိယာ ဆက်လက် မြင့်တက်လာနိုင်ပါတယ်။ လောလောဆယ်တော့ တောမီးဟာအခြေခံအဆောက်အအုံတွေနဲ့ လူနေအိမ်ခြေတွေဆီကို ကူးစက်လာနိုင်တဲ့အခြေအနေမျိုးမှာတော့ မရှိသေးပါဘူး"ဟု အမေရိကန်သစ်တောရေးရာ ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မန်ဒီက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ဩစတြေးလျနိုင်ငံတွင် ရက်သတ္တပတ်အတွင်း အပူချိန်မြင့်တက်နိုင်ကြောင်း BOM က သတိပေးချက် ထုတ်ပြန်ခဲ့

**ကင်ဘာရာ ဇန်နဝါရီ ၅**

ဩစတြေးလျနိုင်ငံတွင် လာမည့် ရက်သတ္တပတ်အတွင်း အပူချိန် မြင့်တက်နိုင်ကြောင်း ဩစတြေးလျ မိုးလေဝသညွှန်ကြားရေးဦးစီးဌာန(BoM)က သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း ဇန်နဝါရီ ၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

အပူချိန် မြင့်တက်နိုင်သော ဒေသများမှာ အနောက်ဩစတြေးလျပြည်နယ်၊ တောင်ဩစတြေးလျပြည်နယ်၊ ဗစ်တိုးရီးယားပြည်နယ်နှင့် နယူးဆောက်ဝေးပြည်နယ်တို့ဖြစ်ကြောင်း၊ အပူချိန် ကနဦး မြင့်တက်ဖွယ်ရှိနေသည့် ပြည်နယ်မှာ အနောက်ဩစတြေးလျပြည်နယ်ဖြစ်ပြီး အမြင့်ဆုံးအပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နိုင်ကြောင်း BoM က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"လာမဲ့ ရက်သတ္တပတ်အတွင်းမှာ အပူချိန်တွေ ဆက်တိုက်မြင့်တက်နိုင်ပါတယ်။ အပူချိန်ပမာဏဟာ ၄၀ ဒီဂရီစင်ဂရိတ်ထိ မြင့်တက်သွားနိုင်တယ်။ အနောက်ဩစတြေးလျပြည်နယ်၊ တောင်ဩစတြေးလျပြည်နယ်၊ ဗစ်တိုးရီးယားပြည်နယ်နဲ့ နယူးဆောက်ဝေးပြည်နယ်တို့မှာ အပူချိန် အဓိကမြင့်တက်နိုင်ပါတယ်။ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နိုင်တယ်ဆိုပေမဲ့ ဇန်နဝါရီ ၈ ရက်လောက်မှာ အပူချိန် ပမာဏဟာ ၄၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ပါတယ်"ဟု ဩစတြေးလျ မိုးလေဝသညွှန်ကြားရေး ဦးစီးဌာန (BoM) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# နယ်သာလန်နိုင်ငံတွင် နှင်းများကျဆင်းနေသဖြင့် မိုးလေဝသဌာနက အဝါရောင်သတိပေးချက် ထုတ်ပြန်ထား

**အမ်စတာဒမ် ဇန်နဝါရီ ၅**

နယ်သာလန်နိုင်ငံတွင် နှင်းများကျဆင်းနေသဖြင့် ယနေ့တွင် အဝါရောင်သတိပေးချက် ထုတ်ပြန်ထားကြောင်း နယ်သာလန်မိုးလေဝသဌာန(KNMI)၏ သတင်းများအရ သိရသည်။

နယ်သာလန်နိုင်ငံတွင် ဇန်နဝါရီ ၄ ရက်နှင့် ယနေ့တွင် နှင်းများကျဆင်းမှုကြောင့် လေယာဉ်ပြေးလမ်းများချော်ကာ မြင်ကွင်းများမှုန်ဝါးနေသဖြင့် အမ်စတာဒမ် ရှီဖိုးလ်လေဆိပ်သို့ ပျံသန်းမည့် လေယာဉ်ခရီးစဉ် ၁၂၄ ခုကို ဖျက်သိမ်းခဲ့ရကြောင်း နယ်သာလန်လေကြောင်းလိုင်း(KLM)က ထုတ်ပြန်ခဲ့သည့်အပြင် ရှီဖိုးလ်လေဆိပ်တွင် နှင်းများအဆက်မပြတ်ကျဆင်းမှုကြောင့် လေယာဉ်ခရီးစဉ်လုပ်ငန်းလည်ပတ်မှု ထိခိုက်စေနိုင်သောကြောင့် လေယာဉ်ခရီးစဉ်နှောင့်နှေးမှုများနှင့် ဖျက်သိမ်းမှုများ ထပ်မံဖြစ်ပေါ်နိုင်ကြောင်း လေယာဉ်အာဏာပိုင်များက ခရီးသည်များကို သတိပေးခဲ့သည်။

ထိုသို့ နှင်းများထူထပ်စွာကျဆင်းပြီး အအေးဒဏ်ပြင်းထန်နေသဖြင့် အဝါရောင်ရာသီဥတုသတိပေးချက်ကို ဇန်နဝါရီ ၆ ရက်ထိ ထုတ်ပြန်ထားကြောင်း၊ အထက်ပါ ရာသီဥတုအခြေအနေများကြောင့် ပြည်သူများကို သတိပြုနေထိုင်ကြရန်နှင့် မတော်တဆမှုများဖြစ်နိုင်သဖြင့် ယာဉ်များအသွားအလာကိုလည်း ဂရုစိုက်ကြရန် နယ်သာလန် မိုးလေဝသဌာန KNMI က သတိပေးထားကြောင်း သိရသည်။



Ref : Russia Today

Trs : KZ

# ပါပူဝါးနယူးဂီနီနိုင်ငံတွင် ပြင်းအား ၅ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး လူနေအိမ်နှင့်အဆောက်အအုံများ ပျက်စီးခဲ့

**ပို့မော်ရက်စ်ဘီ ဇန်နဝါရီ ၅**

ပါပူဝါးနယူးဂီနီနိုင်ငံတွင် ယနေ့နံနက် ၁ နာရီခန့်က ပြင်းအား ၅ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး လမ်း၊ တံတားများ၊ လူနေအိမ်နှင့် အခြေခံအဆောက်အအုံများပျက်စီးခဲ့ကြောင်း ဘူမိသိပ္ပံသုတေသနဌာန၏ ယနေ့သတင်းများအရ သိရသည်။

အဆိုပါငလျင်၏ ဗဟိုချက်သည် အနက် ၁၆၃ ဒသမ ၆ ကီလိုမီတာရှိပြီး တောင်လတ္တီတွဒ် ၅ ဒသမ ၅၅ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၄၇ ဒသမ ၇၁ ဒီဂရီတွင် ဖြစ်ကြောင်း သိရသည်။

ငလျင်သည် အင်အားအနည်းငယ်ပြင်းသဖြင့် ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားပေး ဓာတ်တိုင်တချို့ပြိုလဲကာ အဆောက်အအုံများ တုန်ခါအက်ကွဲသွားခဲ့ကြောင်း သိရသည်။

အဆိုပါ လူနေအိမ်များနှင့် အခြေခံ အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးမှုများပြုလုပ်သွားရန်လိုကြောင်း၊ လက်ရှိတွင် လူသေဆုံးမှု မရှိသော်လည်း ထိခိုက်ဒဏ်ရာရသူ ရှိကြောင်း၊ ထိခိုက်ဒဏ်ရာရသူ အရေအတွက်ကိုမူ စိစစ်နေဆဲဖြစ်ကြောင်း၊ ပျက်စီးခဲ့သည့် အဆောက်အအုံများကိုလည်း ရှင်းလင်းပြင်ဆင်မှုများ ဆောင်ရွက်နေကြောင်း နိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ



# နယူးဇီလန်နိုင်ငံ တိုလာဂါဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**ဝယ်လင်တန် ဇန်နဝါရီ ၅**

နယူးဇီလန်နိုင်ငံ တိုလာဂါဒေသတွင်မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း Civil Defence အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

အန္တရာယ်ဇုန်အဖြစ်သတ်မှတ်ထားသောဧရိယာမှာ တိုလာဂါဒေသဖြစ်ပြီး ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း၊ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူများကို ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားကြောင်း၊ ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်သည့်အတွက် ကယ်ဆယ်ရေးဝန်ထမ်းများက အန္တရာယ်ဇုန်အတွင်း နေထိုင်သူများကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း၊ အဝေးပြေးလမ်းမကြီးတချို့ကိုလည်း ယာယီပိတ်ထားရပြီး ရေတိုက်စားမှုကြောင့် လမ်းပိုင်းတချို့ ပျက်စီးခဲ့ကြောင်း၊ မိုးရေချိန်ဆက်လက်မြင့်တက်လာနိုင်သည့်အတွက် ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း Civil Defence အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဒီကာလက နှစ်သစ်ကူးကာလဖြစ်တဲ့အတွက် ခရီးသွားဧည့်သည်တွေ များနေသလို ဒေသခံတွေအနေနဲ့လဲ အနားယူနေတဲ့ ကာလတစ်ခုဖြစ်ပါတယ်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ပြီး ခရီးသွားဧည့်သည်တွေနဲ့ ဒေသခံတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားရပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားရတဲ့ ပြည်သူတွေကိုလဲ ယာယီကယ်ဆယ်ရေးစခန်းတွေမှာ နေရာချပေးထားပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ပြည်သူအများစုကတော့ တိုလာဂါဒေသက ဒေသခံတွေဖြစ်ပါတယ်။ အားကစားရုံတွေကို ယာယီကယ်ဆယ်ရေးစခန်းအဖြစ် အသုံးပြုပြီး နေရာချပေးထားပါတယ်"ဟု Civil Defence အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# မှတ်သားသူများအတွက်

ဇော်လေး

❖ ၂၀၂၆ ခုနှစ် နှစ်သစ်ဦးအတွက် စကားလက်ဆောင်တွေ ရေးသားမျှဝေပေးကြတာတွေထဲက စာရေးသူသဘောကျတဲ့ စာမျက်နှာနှစ်ခုကို ဘာသာပြန်ဖော်ပြချင်တာပါ။ ဆရာလုပ်တာတော့ မဟုတ်ပါ။ မှတ်သားချင်သူများအတွက် မိမိဘာသာတွေ့တာမြင်တာ၊ ကူးမှတ်ပြီးသားလည်း ဖြစ်ချင်ဖြစ်နေမှာပေါ့။ ကြိုက်တယ်ဆိုရင် လေ့လာသုံးသပ်ပြီးစမ်းကြည့်ပေါ့။ သဘောမကျဘူးဆိုရင်လည်း လျစ်လျူရှုထားလိုက်ပါ။ ဘာမှအရေးမကြီးလှပါဘူး။ ကြိုက်ရင်ယူ၊ မကြိုက်ရင်မယူနဲ့။ သူများရေးတိုင်းလဲကောင်းတာပဲလို့တော့ မဟုတ်ပါ။ တွေ့တာ၊ ဖတ်တာ၊ လေ့လာမိတာတွေထဲက နှစ်သစ်ဦးအတွက် ထူးထူးခြားခြား ကောင်းကျိုးရစေနိုင်လောက်တဲ့ အဆိုအမိန့် ကောက်နုတ်ချက်တိုတိုကျဉ်းကျဉ်းနဲ့ တိတိကျကျ ရှင်းရှင်းလင်းလင်း ဖော်ပြချက်ကလေးတွေပါ။ ❖

**နိဒါန်း**

၂၀၂၆ခုနှစ် ဇန်နဝါရီလထဲရောက်လာကြပြီ။ ရက်တွေနေ့တွေ တစ်ခုပြီးတစ်ခု ဖြတ်သန်းခဲ့တာကို သတိမထားမိပေမယ့် နှစ်တစ်နှစ်ကူးပြောင်းသွားပြီဆိုတဲ့ အချိန်ကိုတော့သတိပြုမိတတ်ပါတယ်။ အမှတ်တရပြန်လည်သုံးသပ်ခြင်းနဲ့ ဒီနှစ်သစ်မှာ ငါ့အတွက်ဘာတွေကိုများ ဦးစားပေးလုပ်မလဲဆိုတဲ့ စီမံချက်ကို စိတ်ကူးထဲမှာဖြစ်စေ၊ စာရွက်ပေါ်မှာရေးချပြီးဖြစ်စေ၊ တွေးမိ၊ ရေးမိတတ်ကြပါတယ်။

ရက်တွေ၊ လတွေ၊ နှစ်တွေ၊ ရာသီတွေ ဘယ်လိုပဲ အကြိမ်ကြိမ်ပြောင်းပေမယ့် မိမိကိုယ်ကို ဘာမှတိုးတက်ဖြစ်ထွန်းအောင်မပြောင်းလဲဘဲ အသက်တွေသာ ကြီးရင့်လာခဲ့ပြီးအိုမင်းမစွမ်း၊ ဇရာ၊ ဗျာဓိဖိစီးတဲ့ အရွယ်ဆီသို့ ဆိုက်ရောက်သွားတယ်။ အများအတွက် အကျိုးရှိစေရအောင်ကော၊ မိမိဘဝတစ်သက်တာအတွက် ကောင်းကျိုးတရားရရှိအောင်ကော၊ ကောင်းမှု၊ ကောင်းရာကောင်းကျိုးအလုပ်တွေ သိပ်မှတ်မှတ်ရရ မရှိပါဘူးဆိုသူတချို့လဲ ရှိနိုင်ပေတာပဲ။

**လူ့ဘဝ**

လူ့ဘဝဆိုတာရခဲလှတယ်။ ခက်ခက်ခဲခဲများကြားမှ ကံကောင်းထောက်မလို့လူ့ဘဝကို ကျန်းကျန်းမာမာ ကိုယ်လက်အင်္ဂါပြည့်ပြည့်စုံစုံနဲ့ ထိုက်သင့်တဲ့ အသိဉာဏ်နဲ့ လူသားတစ်ယောက်ဘဝ၊ မိဘကျေးဇူး၊ ဆွေမျိုးရပ်ရွာအသိုက်အဝန်းရဲ့ကျေးဇူးနဲ့ ရှင်သန်ဖြတ်သန်းနေကြရပြီ။ ကျေးဇူးရှိခဲ့ဖူးသူတွေကို ကျေးဇူးဆပ်မယ်၊ ကျေးဇူးပြုရမယ်လို့သိတတ်ကြရင် ကောင်းတာပေါ့။

မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတွေအတွက်တော့ ဘာသာ၊ သာသနာအဆုံးအမတွေ ထွန်းကားနေဆဲပဲမို့ လူ့ဘဝရတာဟာ အခြားသူများထက်ရေခံမြေခံကံကပိုကောင်းပေတယ်ဆိုရမှာပါ။ အကျယ်တင်ပြလိုခြင်းမရှိပေမယ့် စကားအလျဉ်းသင့်လို့ ဖော်ပြရရင် ကမ္ဘာပေါ်မှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ၊ မဟာမိတ်အုပ်စု တစ်ခုတစ်ခုနဲ့တစ်ခု၊ စစ်ပွဲတွေဖြစ်ခဲ့ကြတဲ့ သမိုင်းကို ပြန်လေ့လာကြည့်ရင် အများအားဖြင့် လူမျိုးရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ကိုယ်ကျိုးစီးပွားအတွက် စစ်ပွဲတွေ ဖြစ်ခဲ့ကြတယ်ယူဆခဲ့ကြတယ်။ ထင်မှတ်ခဲ့ကြတယ်။ အမေရိကန်တက္ကသိုလ်တစ်ခုက ပါမောက္ခ ဆင်မျူယယ်ဟန်တင်တန် (၁၉၂၇-၂၀၀၈) ဆိုတဲ့ နိုင်ငံရေးသုတေသီက ခေတ်သစ်ပေါ်ပေါက်ခြင်း သီအိုရီ(Modernization Theory)ဆိုတာကို ရေးသားခဲ့တဲ့အတွက် ထင်ရှားပါတယ်။ နောက်တစ်ချက် ထူးခြားတာက သူ့အဆိုအရ ကမ္ဘာအရပ်ရပ်မှာ ဖြစ်ပေါ်ခဲ့တဲ့ စစ်ပွဲတွေရဲ့အခြေခံအကြောင်းရင်းကတော့ ယဉ်ကျေးမှုချင်းတိုးတိုက်မိခြင်း(CLASH OF CIVILIZATION) ဖြစ်တယ်လို့ ထုတ်ဖော်ရေးသားခဲ့ခြင်းပါ။

**ယဉ်ကျေးမှုများ**

ဆင်မျူရယ်ဖိလစ်ဟန်တင်တန်ရဲ့ မူရင်းစာအုပ်တွေကိုမဖတ်ရဖူးပေမယ့် ဘာသာပြန်များ၊ သုံးသပ်ချက်များနဲ့ အကြောင်းသင့်ရာစာတမ်းများ၊ ဟောပြောချက်များအရ အင်မတန်လေ့လာမှတ်သားထိုက်တဲ့ အမေရိကန်ဟားဗတ်တက္ကသိုလ်ကနိုင်ငံရေးသိပ္ပံဆိုင်ရာပါမောက္ခပါ။ သူကွယ်လွန်တာတောင် အနှစ် ၂၀-၃၀ ရှိပေမယ့် သူ့စာတွေက အသိဉာဏ်တိုးပွားစေလို့လေ့လာသင့်ပါတယ်။

စီးပွားရေး၊ အကျိုးစီးပွား၊ နိုင်ငံရေးရည်မှန်းချက်၊ လူမျိုးရေးအခြေခံနဲ့ လက်နက်ကိုင်တိုက်ပွဲများဆင်နွှဲနေကြတဲ့ နိုင်ငံရေးသမား၊ စစ်သား၊ ခေါင်းဆောင်တွေဟာ "CLASH OF CIVILIZATIONS" ဆိုတဲ့ စာအုပ်မျိုးကို ဖတ်ရှုသိမြင်ထားသင့်တယ် ထင်တာပဲ။

မြန်မာလူမျိုးဖြစ်ရတာဟာ အထူးကံကောင်းတယ်လို့ဆိုရခြင်းမှာ ဂေါတမဗုဒ္ဓမြတ်စွာဘုရား (BC.၅၆၃-၄၈၃) ဟောကြားတော်မူခဲ့တဲ့ တရားရတနာ၊ နှစ်ပေါင်းနှစ်ထောင်ကျော်လက်ဆင့်ကမ်းယူဆောင်မျှဝေပေးတဲ့ သံဃာရတနာ(ရဟန်းတော်များ)၊ ရတနာသုံးပါးကိုကိုးကွယ်နိုင်ခြင်းပါ။ သာသနာထွန်းကားအောင် စောင့်ရှောက်ဖို့ရာ အချက်ဟာလည်း သားစဉ်မြေးဆက်၊ မိမိတို့နိုင်ငံသားတိုင်းရဲ့ ပခုံးပေါ်မှာရှိနေကြပါလားဆိုတာ နားလည်သိမြင်ကြရပါမည်။

**ဘာသာတရား**

မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ သုတ္တန်ဒေသနာတွေအနက်က (စာရေးသူအမြင်ပါ၊ ဘယ်ဆရာတော်ထံမှ မေးမြန်းခံယူဖူးခြင်းတော့ မပြုရသေးပါ)၊ လူတိုင်းရဲ့နေ့စဉ်ဘဝနဲ့ အသက်အရွယ်အဆင့်ဆင့်အတွက် လိုက်နာကျင့်သုံးရန် သင့်တဲ့ အခြေခံအကျဆုံးတရားက မင်္ဂလသုတ်ပါ။ ရပ်ထဲ၊ ရွာထဲမှာ ဆရာတော်များ၊ ဘာသာရေးအကျိုးဆောင်သူများရဲ့ကျေးဇူးကြောင့်" လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနဲ့ကင်းအောင်နေ၊ ပညာရှိကိုအစဉ်တွဲလို့ မှီဝဲဆည်းကပ်နည်းယူလေ" အစရှိတဲ့ မင်္ဂလာတရားအဆုံးအမအတိုင်းသာလိုက်နာကျင့်ကြံရင် လူတစ်လုံးသူတစ်လုံးဖြစ်လာမှာ သေချာတယ်။ ဘာဗေဒင်လက္ခဏာမေးစရာလည်းမလိုဘူး၊နတ်တွေဘာတွေမေးနေရင်လည်း အပိုပဲ။ မင်္ဂလာတရားတော်ဟာ မြတ်စွာဘုရားက လူသားတွေကို ဟောခဲ့တာမဟုတ်ပါ။

အံ့ဩသွားသလား။

ညဉ့်နက်သန်းခေါင်မှာ မထင်မရှားနတ်မင်းတစ်ပါးက (သိကြားမင်းလို့ယူဆရသူ) လာပြီး မေးလို့ဖြေကြားတဲ့ တရားတော်။ သူက နတ်မင်းဖြစ်ပါရဲ့နဲ့ လူသားမြတ်စွာဘုရားကို ဘာပြုလို့လာမေးရတာလဲ။

နတ်အပေါင်းက လူ့ဘဝရဲ့ကောင်းမှု၊ မကောင်းမှုတွေကို အကြောင်းပြုပြီး နတ်ဘုံနတ်နန်း၊ နတ်စည်းစိမ်ကိုရခဲ့ကြောင်း သူတို့သိထားတယ်လေ။ သိကြားမင်းဘဝရရှိတာကိုက မာဃလုလင်ဘဝ၊ ရပ်ရွာကောင်းကျိုးများစွာ ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကြောင့် ပဲလေ။ နတ်ဘဝက စည်းစိမ်များပေမယ့်၊ မြင့်ပေမယ့် တန်ဖိုးရှိလှတဲ့ဘဝက လူ့ဘဝပဲ။ (ဒါကို လူတိုင်းသိမြင်သင့်ပါတယ်၊ စည်းစိမ်ကောင်းတာပဲ မက်မောပြီး နတ်ဘုံ၊ ဗြဟ္မာဘုံရောက်ချင်စိတ်နဲ့ ဆုတောင်းနေသူတွေ သတိပြုသင့်တာပေါ့။)

**ဘဝတန်ဖိုး**

လူ့ဘဝကို တန်ဖိုးရှိအောင် ဘယ်လိုနေ့စဉ်အပြုအမူ၊ အပြောအဆို၊ အတွေးအကြံတွေနဲ့လေ့ကျင့်ဆည်းပူးပြီး ထူထောင်တည်ဆောက်ရပါသလဲလို့ နတ်တို့သနင်းသိကြားမင်းက မေးတဲ့အတွက် လူတွေ ၁၂ နှစ်တိုင်တိုင် မင်္ဂလာဆိုတာ ဘာလဲ(မသိလို့) ရှာဖွေနေကြတဲ့ "တရားတော်၊ ၃၈ ဖြာမင်္ဂလာကို နတ်သိကြားကို ထုတ်ဖော်ဟောကြားတော်မူခဲ့ခြင်းပါပဲ။ ကောင်းတာတော့ပြောမနေနဲ့ပေါ့။ အကျိုးအများဆုံး အဆုံးအမလမ်းညွှန်ပေါ့ခင်ဗျာ။

အကောင်းဆုံးလို့တော့ ပြောရန်မသင့်။

မြတ်စွာဘုရားက ပဥ္စဝဂ္ဂီငါးပါးကို အချိန်တစ်ပတ်ကြာလေ့လာသုံးသပ်ဆင်ခြင်စေပြီးမှ ပထမဦးဆုံးထုတ်ဖော်ဟောကြားတော်မူတဲ့ တရားတော်နှစ်ပုဒ်ကတော့ အဓိကအကျဆုံး၊ အခြေခံအနှစ်သာရအထိရောက်ဆုံးနဲ့ လူတစ်ယောက်ဖြစ်လာရကျိုးနပ်အောင်သိမြင်ရမယ့် အသိဉာဏ်ပညာသဘောတရားဆိုသင့်တာပေါ့။ **"ဓမ္မစကြာတရားတော်"**နဲ့ **"အနတ္တလက္ခဏာသုတ်"** တို့ဖြစ်ပါတယ်။ ဒီနှစ်ပုဒ်မှ အကျယ်ဆက်လက်ဆည်းပူးကျင့်သုံးစရာတွေတော့ ဆရာတော်တွေဟောကြားနေတဲ့ အဘိဓမ္မာဒေသနာ၊ ပဋ္ဌာန်းဒေသနာစသည့်တို့ပေါ့ ခင်ဗျာ။ ဆက်လက်ထိတွေ့လေ့လာကြပါ။

**လက်ဆောင်**

ဆွေးနွေးတင်ပြချင်တာက လက်ကိုင်ဖုန်းထဲမှာ ၂၀၂၆ ခုနှစ် နှစ်သစ်ဦးအတွက် စကားလက်ဆောင်တွေရေးသားမျှဝေပေးကြတာတွေထဲက စာရေးသူသဘောကျတဲ့ စာမျက်နှာ နှစ်ခုကို ဘာသာပြန်ဖော်ပြချင်တာပါ။ ဆရာလုပ်တာတော့မဟုတ်ပါ။ မှတ်သားချင်သူများအတွက် မိမိဘာသာတွေ့တာမြင်တာ၊ ကူးမှတ်ပြီးသားလည်း ဖြစ်ချင်ဖြစ်နေမှာပေါ့။ ကြိုက်တယ်ဆိုရင် လေ့လာသုံးသပ်ပြီးစမ်းကြည့်ပေါ့။ သဘောမကျဘူးဆိုရင်လည်း လျစ်လျူရှုထားလိုက်ပါ။ ဘာမှအရေးမကြီးလှပါဘူး။ ကြိုက်ရင်ယူ၊ မကြိုက်ရင်မယူနဲ့။ သူများရေးတိုင်းလဲကောင်းတာပဲလို့တော့မဟုတ်ပါ။ တွေ့တာ၊ ဖတ်တာ၊ လေ့လာမိတာတွေထဲက နှစ်သစ်ဦးအတွက် ထူးထူးခြားခြား ကောင်းကျိုးရစေနိုင်လောက်တဲ့ အဆိုအမိန့် ကောက်နုတ်ချက်တိုတိုကျဉ်းကျဉ်းနဲ့ တိတိကျကျ ရှင်းရှင်းလင်းလင်း ဖော်ပြချက်ကလေးတွေပါ။

ပထမတစ်မျက်နှာက အမေရိကန်ပြည်ထောင်စုမှ အတန်အသင့် လူသိများတဲ့ စာရေးဆရာ လူငယ်တစ်ယောက် စုဆောင်းဖော်ပြထားတဲ့ ယခု ၂၀၂၆ ခုနှစ်ဟာ စာဖတ်သူ (သူ့ချန်နယ်ကိုကြည့်သူ) အတွက် စာလက်ဆောင်အနေနဲ့ ရေးလည်းရေး၊ ပြောလည်းပြောတဲ့ **"လောကဓံကို ကြံ့ကြံ့ခံနိုင်ခြင်း စည်းမျဉ်းခြောက်ချက်"**ပါ။

1. **Don't have on opinion about every thing.**

   **(Marcus Aurelius, (117–180 AD))**

   ၁။ အရာရာအကြောင်းကြောင်းတွေအတွက် ထင်မြင်ချက်သဘောထားတွေ စဉ်းစားမနေလေနဲ့။

2. **Stop giving away your time.**

   ၂။ အချိန်ကို အလဟဿမဖြုန်းပါနဲ့။

3. **Practice discomfort.**

   ၃။ ကသိကအောက်ဖြစ်ရတာ၊ နာကျင်ပင်ပန်းတာတွေကိုလည်း ကျင့်သားရပါစေ။ (ဒုပေနာပေ ခံနိုင်ရမယ်)

4. **Do something for the common good.**

   ၄။ အများကောင်းကျိုးအတွက် တတ်နိုင်သမျှ လုပ်ပါ။

5. **Don't suffer imagined troubles.**

   ၅။ သောကဒုက္ခအတွေးတွေကို ရှာကြံခံစားမနေနဲ့။

6. **Reduce desire.**

   ၆။ လိုချင်တောင့်တ အာသီသတွေလျှော့ချပါ။ (အလိုနည်းပါစေ)

**Ryan Holady**

**(ရိုင်ယန်ဟောလီးဒေး)**

နောက်တစ်မျက်နှာတွေ့ရှိတာကို ဖော်ပြဘာသာပြန်ပေးပါရစေ။

| | | |
|---|---|---|
| 1. Be calm | – | စိတ်တည်တည်ငြိမ်ငြိမ် ထားပါ။ |
| 2. Talk Less | – | စကားနည်းပါစေ။ |
| 3. Observe more | – | များများလေ့လာရှုမှတ်ပါ။ |
| 4. Show respect | – | လေးစားမှုကိုပြပါ။ |
| 5. More in silent | – | တိတ်တိတ်ဆိတ်ဆိတ် ရှိနေတာ ပိုကောင်းပါတယ်။ |
| 6. Make eye contact | – | မျက်လုံးချင်းဆုံပါ။ |
| 7. Manage time better | – | အချိန်ကို အကျိုးရှိရှိသုံးပါ။ |
| 8. Think before speaking | – | မပြောခင် အရင်စဉ်းစားပါ။ |

**နိဂုံး**

ဒါကတော့ ရေးသူအမည်မပါတဲ့"How to become More Powerful"ဆိုတဲ့ အကြံပြုချက် ရှစ်ချက်ပါ။ တိုးတက်အောင်မြင် ပျော်ရွှင်ကြပါစေ။

# One Battle After Another ဇာတ်ကားကို ၂၀၂၅ ခုနှစ်၏ အကောင်းဆုံးဇာတ်ကားအဖြစ် ရွေးချယ်




**ဝါရှင်တန် ဇန်နဝါရီ ၅**

၂၀၂၅ ခုနှစ်၏ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားအဖြစ် One Battle After Another ဇာတ်ကားကို အမေရိကန်အမျိုးသားရုပ်ရှင်စောင့်ကြည့်လေ့လာသူများ အသင်းက ရွေးချယ်ထားကြောင်း ဇန်နဝါရီ ၄ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ ပေါလ်သောမတ်အန်ဒါဆန် ရိုက်ကူးပေးထားသည့် အထက်ပါဇာတ်ကားသည် အော်စကာဆုများရရှိနိုင်သည့် ဇာတ်ကားဖြစ်လာနိုင်သည်။

One Battle After Another ဇာတ်ကားရရှိနိုင်သည့် အော်စကာဆုများထဲတွင် အကောင်းဆုံး ဒါရိုက်တာဆု၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုများ ပါဝင်ကြောင်း သိရသည်။

One Battle After Another ဇာတ်ကားတွင် မင်းသား လီယိုနာဒိုဒီကာပရီယို၊ ရှောင်းပန်း၊ ဘင်နီစီယိုဒယ်တိုရို၊ မင်းသမီး ရီဂျီနာဟောနှင့် တီရာနာတေလာတို့ ပါဝင်ထားသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၆ ရက်က ရုံတင်ပြသခဲ့သည့် One Battle After Another ဇာတ်ကားသည် ကမ္ဘာတစ်ဝန်း ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်ရရှိထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# ၂၀၂၅ ခုနှစ် ဟောလိဝုဒ်ရုပ်ရှင်လုပ်ငန်းများ၌ အမျိုးသမီးဒါရိုက်တာများ နေရာရမှုကျဆင်း

**နယူးယောက် ဇန်နဝါရီ ၅**

၂၀၂၅ ခုနှစ်အတွင်း ဟောလိဝုဒ် ရုပ်ရှင်လောက၌ အမျိုးသမီးဒါရိုက်တာများပါဝင်နိုင်မှုနှုန်းမှာ အနိမ့်ဆုံးအဆင့်သို့ ရောက်ခဲ့ရကြောင်း ဇန်နဝါရီ ၄ ရက် သတင်းများအရ သိရသည်။

၂၀၂၅ ခုနှစ်အတွင်း ဝင်ငွေမြင့် ထိပ်တန်းရုပ်ရှင်ကား ၁၀၀ ရိုက်ကူးထုတ်လုပ်ရာတွင် အမျိုးသမီး ဒါရိုက်တာ ကိုးဦးသာ ပါဝင်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ ၂၀၂၅ ခုနှစ်အတွင်း ဟောလိဝုဒ် ရုပ်ရှင်လုပ်ငန်း၌ အမျိုးသမီးဒါရိုက်တာများ ပါဝင်မှုသည် အထက်ပါရုပ်ရှင်ကား ၁၀၀ ကို ရိုက်ကူးခဲ့သည့် ဒါရိုက်တာ အရေအတွက်၏ ၈ ဒသမ ၁ ရာခိုင်နှုန်းထိသာ ရှိခဲ့ကြောင်း ရုပ်ရှင်စောင့်ကြည့် လေ့လာသူများက ပြောကြားသည်။

၂၀၂၄ ခုနှစ် ဟောလိဝုဒ်ရုပ်ရှင်လုပ်ငန်းများ၌ အမျိုးသမီးဒါရိုက်တာများပါဝင်မှုရာခိုင်နှုန်းမှာ ၁၃ ဒသမ ၄ ရာခိုင်နှုန်းထိရှိခဲ့ကြောင်း၊ ဟောလိဝုဒ် ရုပ်ရှင်စတူဒီယိုများအနက် ၂၀၂၅ ခုနှစ်အတွင်း အမျိုးသမီးဒါရိုက်တာ ခေါ်ယူအသုံးပြုမှု အများဆုံးစတူဒီယိုမှာ ဒစ္စနီးစတူဒီယိုဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# လှိုင်းလေကြားက ပန်းရွှေကြာ ဇာတ်လမ်းတွဲသရုပ်ဆောင်များနှင့် ပရိသတ်များတွေ့ဆုံပွဲကို မန္တလေးမြို့ရှိ Mingalar Mandalay Promotion Area တွင် ပြုလုပ်မည်

**ရန်ကုန် ဇန်နဝါရီ ၅**

MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသလျက်ရှိသည့် လှိုင်းလေကြားက ပန်းရွှေကြာ ရုပ်သံဇာတ်လမ်းတွဲသရုပ်ဆောင်များနှင့် ပရိသတ်များတွေ့ဆုံပွဲကို မန္တလေးမြို့ရှိ Mingalar Mandalay Promotion Area ၌ ဇန်နဝါရီ ၆ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် မြတ်သူသူထံမှ သိရသည်။

အဆိုပါ လှိုင်းလေကြားက ပန်းရွှေကြာ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းသည် စာရေးဆရာမ နီနီနိုင်(သထုံ)၏ စာပေဗိမာန်စာမူဆုရဝတ္ထုဖြစ်ကြောင်း၊ ဟေမာစန်း၊ မင်းမူပိုင်၊ နေမျိုးအောင်တို့က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ တိုးဝေယံလွင်က တာဝန်ယူရိုက်ကူးပုံဖော်ထားကာ Hey Play Application နှင့် Niyyayana Entertainment တို့က ပူးပေါင်းရိုက်ကူးထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက မြတ်သူရဲ့ လေးနှစ်ကြာမှ ပြန်ရိုက်ကူးဖြစ်တဲ့ ဇာတ်လမ်းတွဲပါ။ အရင်ထဲက တအားကြိုက်တဲ့ ဝတ္ထုဖြစ်လို့ တကယ်လို့ ရိုက်ကူးဖြစ်ရင် ပါဝင်ချင်ခဲ့တာပါ။ ဒီကားရိုက်ဖို့အတွက် တစ်နှစ်လောက် အချိန်ယူခဲ့ရပါတယ်။ ဒီဇာတ်လမ်းတွဲကို သဘောကျတဲ့၊ ကြိုက်ကြတဲ့ မန်းမြေက ပရိသတ်တွေနဲ့ မြတ်သူတို့ တွေ့ဆုံဖို့ စီစဉ်ထားပါတယ်။ ဇန်နဝါရီ ၆ ရက် နေ့လယ် ၃ နာရီကနေ ညနေ ၅ နာရီထိ Mingalar Mandalay Promotion Area မှာလုပ်မဲ့ ပရိသတ်တွေနဲ့တွေ့ဆုံပွဲမှာ ချစ်ပရိသတ်တွေနဲ့ အတူတူပျော်ရွှင်ကြဖို့ လာခဲ့ပါနော်"ဟု သရုပ်ဆောင် မြတ်သူသူက ပြောပြသည်။




အဆိုပါ လှိုင်းလေကြားက ပန်းရွှေကြာ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကောင်းမြတ်စံ၊ ကောင်းဆက်နိုင်၊ ဘုန်းမင်းနေလ၊ မြတ်သူသူ၊ ဩဂတ်စ်မိုး၊ မေရီမောင်၊ မီကိုခန့်နှင့် အခြားအနုပညာရှင်များစွာ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# The Running Man ကို အွန်လိုင်းစနစ်ဖြင့် ထုတ်လွှင့်ပြသရန် Paramount + စီစဉ်ထား

**နယူးယောက် ဇန်နဝါရီ ၅**

The Running Man အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားကို ယခုလအတွင်း အွန်လိုင်းစနစ်ဖြင့် ထုတ်လွှင့်ပြသရန် Paramount + က စီစဉ်ထားကြောင်း ဇန်နဝါရီ ၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Paramount ကုမ္ပဏီသည် The Running Man ဇာတ်ကားကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း စတင်ရုံတင်ခဲ့ပြီး ၎င်းဇာတ်ကားကို Paramount + ဖြင့် ယခုလအတွင်း ထုတ်လွှင့်ပြသရန်စီစဉ်ထားကြောင်းလည်း သတင်းများ ပေါ်ထွက်လျက်ရှိသည်။

The Running Man ဇာတ်ကားသည် ကမ္ဘာကျော်အမေရိကန် ထိတ်လန့်သည်းဖို စာရေးဆရာ စတီဗင်ကင်း၏ ခေါင်းစဉ်အမည်တူ ဝတ္ထုကို ရိုက်ကူးထားသောဇာတ်ကားဖြစ်သည်။

The Running Man ဇာတ်ကားကို ဒါရိုက်တာ အဂ္ဂါရိုက်က တာဝန်ယူ ရိုက်ကူးပေးထားပြီး ဇာတ်ညွှန်းကိုလည်း ဇာတ်ညွှန်းရေးဆရာ မိုက်ကယ်ဘာကောနှင့် ပူးတွဲရေးသားထားသည်။

၎င်းဇာတ်ကားတွင် မင်းသား ဂလန်းပိုဝဲ၊ လီပေ့နှင့် မင်းသမီး အမ်မလီယာဂျုံးတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO




# အမုန်းရဲ့အလွှန် ဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းက ဇန်နဝါရီလ ဒုတိယပတ်အတွင်း ထုတ်လွှင့်သွားမည်ဖြစ်

**ရန်ကုန် ဇန်နဝါရီ ၅**

အမုန်းရဲ့အလွှန် ရုပ်သံဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းမှ ဇန်နဝါရီလ ဒုတိယပတ်အတွင်း ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း အဆိုပါ အမုန်းရဲ့အလွှန် ဇာတ်လမ်းတွဲကို ရိုက်ကူးပုံဖော်ထားသူ ဒါရိုက်တာ ထွန်းထက်အာကာဗိုထံမှ သိရသည်။

အဆိုပါ အမုန်းရဲ့အလွှန် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို အေးကြည်သာဟန်၊ ဟိန်းဇော်ဦး၊ ဟေမာစန်း၊ ကျော်ရာဇာကို၊ နိုင်ကိုကိုတို့က ရေးသားထားကြပြီး Forever Group၊ FG Series Production က စီစဉ်ထုတ်လုပ်ကာ ဒါရိုက်တာ ထွန်းထက်အာကာဗိုက တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက ကြည်နူးရင်ခုန်ဖွယ် လွမ်းမောဖွယ်ရာ ဒရာမာ ဇာတ်လမ်းတွဲဖြစ်ပါတယ်။ အချစ်၊ အလွမ်းရသစုံပေးမဲ့ ဇာတ်လမ်းတွဲမို့ စောင့်မျှော်အားပေးကြပါလို့ ပြောချင်ပါတယ်။ စိတ်လှုပ်ရှားစရာ ဇာတ်ကွက်တွေ အမုန်း၊ အပြစ်၊ ချစ်ခြင်းတွေနဲ့ ပရိသတ်ရဲ့ နှလုံးသားကို တုန်လှုပ်စေမဲ့ ဒရာမာဇာတ်လမ်းတွဲကောင်းဖြစ်ပါတယ်"ဟု ဒါရိုက်တာ ထွန်းထက်အာကာဗိုက ပြောပြသည်။

အမုန်းရဲ့အလွှန် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ထက်ဇော်၊ ဟိန်းရတု၊ မိုက်မိုက်၊ စိုင်းကောင်း မင်းထက်၊ ဇင်မျိုး၊ ရဲမွန်၊ သက်ထက်၊ နန်းစန္ဒာလှထွန်း၊ ခိုင်သဇင်ငုဝါ၊ ဖူးစုံ၊ မိုးမခမေ၊ မေနန္ဒာကျော်၊ အေးသီတာ၊ သူဇာပွင့်နှင့် အခြား အနုပညာရှင်များစွာ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

## Mr. Anutin Charnvirakul, Prime Minister of the Kingdom of Thailand sends Congratulatory Message to Senior General Min Aung Hlaing, Acting President of the Republic of the Union of Myanmar

On behalf of the Royal Thai Government and the people of the Kingdom of Thailand, I have the honour to extend to Your Excellency and, through you, to the people of Myanmar our sincere congratulations and best wishes on the occasion of the 78th Anniversary of the Independence Day of the Republic of the Union of Myanmar.

As immediate neighbours with shared cultural and religious heritage, Thailand and Myanmar have enjoyed long-standing amicable bonds of friendship built on mutual trust, mutual respect and shared interest, as well as strong people-to-people ties.

I would like to take this opportunity to reaffirm Thailand's unwavering determination to continue working closely with Myanmar to further advance our bilateral relations for the mutual benefit of our two countries and our peoples. Thailand always stands ready to support Myanmar on its path to realising lasting peace and national reconciliation.

## Mr. Anura Kumara Disanayaka, President of the Democratic Socialist Republic of Sri Lanka sends Congratulatory Message to Senior General Min Aung Hlaing, Acting President of the Republic of the Union of Myanmar

On behalf of the Government and the people of the Democratic Socialist Republic of Sri Lanka, and on my own behalf, I extend my warm felicitations and sincere best wishes to Your Excellency and to the people of Myanmar on the special occasion of the 78th Anniversary of the Independence of the Republic of the Union of Myanmar.

Sri Lanka and Myanmar share a long-standing friendship rooted in Theravada Buddhism and shared cultural values, which has been further strengthened by the spirit of solidarity and cooperation between our two countries, particularly during times of need.

I am confident that the friendly relations between our two nations will continue to grow in the years ahead, to the mutual benefit of our peoples.

Please accept, Excellency, the assurances of my highest consideration.

# 610 illegal buildings used in online scam and gambling operations in KK Park area systematically demolished



An illegally constructed three-storey residential building in Section (3) of the KK Park area.

Before demolition. After demolition.

**Nay Pyi Taw January 5**

The Government of Myanmar is conducting coordinated clearance operations involving multi-agency joint teams to dismantle illegal buildings and systematically destroy seized items used in online scam and gambling operations in the Shwe Kokko and KK Park areas, where such activities are most heavily concentrated. As part of these efforts, it is reported that an additional 26 illegal buildings in the KK Park area were demolished today.

Today, within Myawady–Maehtawthalay (KK Park) Section (2), the authorities demolished 26 illegal buildings used for online scam and gambling activities, comprising five single-storey buildings, 15 two-storey buildings, four three-storey buildings, and two five-storey buildings. As a result, out of a total of 635 illegal buildings in the KK Park area, 610 have now been systematically demolished.

Furthermore, in KK Park Section (3), illegal buildings that had already been demolished using heavy machinery are being further destroyed to ensure complete destruction through controlled explosive methods, a process that began on December 14. Today, five additional two-storey buildings were completely destroyed, bringing the total number of illegal buildings fully demolished in this section to 106.

It is learned that the Government regards the eradication of online scam and gambling crimes as a national duty and will continue to work in coordination not only with domestic forces but also with neighbouring countries' governments to ensure that such activities can gain no foothold anywhere in Myanmar. 100

# Kidney bean planted on extended sown acreage in Tamu District

**Tamu January 5**

Farmers in Tamu District of Sagaing Region grow kidney bean on the croplands in Tamu District this year, exceeding the target cultivation, according to the district Agriculture Department.

During the 2025-2026 cultivation period, Tamu District planned to cultivate 4,295 acres of kidney bean. Planting began in October this year, and as of today, cultivation has been completed on 1,048 acres in Myothit Township, 2,813 acres in Tamu Township, and 989 acres in Khampak Town, bringing the total planted area to 4,850 acres.

"This cool season, Tamu District earmarked cultivation of 4,295 acres of kidney beans, but 4,850 acres have already been planted," said U Hla Myint, District Head of the Tamu District Department of Agriculture.

"At present, cultivation has exceeded the original target. To ensure good yields and quality, we are working together with farmers to provide quality seeds, necessary inputs, and post-harvest technologies."

For the 2025-2026 cold season, township-wise cultivation targets for kidney beans in Tamu District were set at 1,000 acres in Myothit Township, 2,295 acres in Tamu Township, and 1,000 acres in Khampak Town, totalling 4,295 acres.

In Tamu District, the Township Department of Agriculture is carrying out awareness and extension activities to help kidney bean farmers expand cultivation areas, improve yields, adopt Good Agricultural Practices (GAP), use quality seeds, and grow high-yielding varieties, it is reported.

Crops grown using GAP methods are reported to have better quality, fetch higher prices, and meet standards suitable not only for the domestic market but also for export markets, enabling farmers who adopt these practices to gain greater economic benefits. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Number of traveller arrival on the rise at Ngwetaung Beach in Hainggyikyun


Visitors seen at Ngwetaung Beach.

**Hainggyikyun January 5**

A large number of travellers visited Ngwetaung Beach of Hainggyikyun in Ngaputaw Township of Ayeyawady Region within one month, said Daw Ni Ni Mar, the in-charge of the Ngaputaw Township Travel Association.

More than 15,448 tourists visited Ngwetaung Beach in Hainggyikyun, Ngaputaw Township, during November 2025, while the number of visitors increased to 22,745 during the period from 1 to 30 December, according to reports.

"Over the past month, there has been a large influx of tourists to Ngwetaung Beach, with particularly high numbers during the Christmas holidays," said Daw Ni Ni Mar.

"In addition, Ngwetaung Beach is located close to Mawtinsun Pagoda, so many visitors come on pilgrimage and also take the opportunity and relax at the beach. At present, visitor numbers remain higher than usual, and tourists are being provided with systematic services."

It is reported that most visitors to Ngwetaung Beach came from the Yangon Region. To ensure smooth travel, cleanliness, proper rest, safety, and discipline for tourists visiting the beach, tourism operators, relevant authorities, and local residents are working together to implement security, regulation, and maintenance measures. Kyaw Kyaw Lin

# Traders sell large volume of Pakhan strain paddy to Yangon market

**Myanaung January 5**

Local merchants from Myanaung Township of Ayeyawady Region sold a large volume of Pakhan strain of paddy to Yangon market in December 2025, said Daw San San Win, the owner of rice and paddy trading in Myanaung Township.

Up to 45,000 baskets of Pakhan strain paddy were shipped and sold from Myanaung Township to the Yangon market during the one-month period from 1 to 31 November, while shipments increased to as much as 60,000 baskets during the period from 1 to 31 December, according to sources.

"Large volumes of Pakhan paddy were shipped from Myanaung Township over the past month," said Daw San San Win, a rice and paddy trading depot owner from Myanaung Township. "Pakhan paddy sent from Myanaung to the Yangon market is of fairly good quality. Demand from buyers in the Yangon market is strong, which has led to increased shipments. Current paddy prices are also high, and Pakhan paddy is in strong demand in the domestic rice and paddy market."

It is reported that Pakhan paddy shipped from Myanaung Township to the Yangon market over the past month has been trading at up to K1,550,000 per 100 baskets. With trading activity improving, farmers, traders, loading and unloading workers, and freight truck rental operators are gaining increased employment opportunities. Kyaw Kyaw Lin

# More than 1,000 acres of rainfed paddy harvested in Myaung Township of Sagaing Region

**Myaung January 5**

Statistics of Sagaing District Agriculture Department mentioned that more than 1,000 acres of rainfed paddy has been harvested in Myaung Township of Sagaing Region.

Local farmers planted 3,408 acres of rainfed paddy in the township this monsoon. They started harvesting in November this year, and so far they have harvested 1,695 acres of crops, yielding 76.05 baskets per acre.

"During this year's monsoon cropping season, a total of 3,408 acres of rainfed paddy were cultivated in Myaung Township. Harvesting of these rainfed paddy fields is currently under way, and as of today, more than 1,000 acres have already been harvested. Necessary technologies and seed varieties were provided for rainfed paddy cultivation, and field-level support was carried out to ensure that farmers were able to plant on time," said Daw Myat Moe Win, Head of the Sagaing District Department of Agriculture.

It is learned that during this year's monsoon cropping season, the relevant township Department of Agriculture and local farmers worked together to ensure systematic cultivation of rainfed paddy without major difficulties.

In Myaung Township, rainfed paddy farmers were provided with agricultural technical assistance, awareness on pest prevention, measures to prevent crop losses, and guidance to ensure that harvested paddy is transported to sheltered storage in a timely manner, according to reports.

To ensure successful crop growth and good yields from the rainfed paddy fields cultivated in Myaung Township this year, staff of the Township Department of Agriculture have been carrying out field-level extension activities, including guidance on selecting and planting quality and pure seed varieties, monitoring and preventing pest infestations, timely weeding and inter-cultivation, rouging of off-type plants, and the systematic application of chemical fertilizers.

206

# Kawlin District expands sown acreage of groundnut this year

**Kawlin January 5**

Local farmers expanded their sown acreage of growing groundnut in Kawlin District of Sagaing Region this year, according to the district Agriculture Department.

During the 2025-2026 cool-season cultivation period, Kawlin District planned to cultivate 9,088 acres of groundnut (peanut). Planting began in October this year, and as of today, cultivation has been completed on 6,002 acres in Kawlin Township, 1,152 acres in Wuntho Township, and 2,512 acres in Pinlebu Township, bringing the total planted area to 9,666 acres, according to reports.

"This cool season, Kawlin District planned to cultivate 9,088 acres of groundnut, but planting has already been completed on 9,666 acres, exceeding the original target," said U Win Thein, District of the Kawlin District Department of Agriculture.

"At present, cultivation has surpassed the planned acreage. Groundnut cultivation is progressing successfully and showing good yields. As an oil crop, it is in a favorable condition, and groundnut cultivation has been improving year by year."

For the 2025-2026 cool-season, township-wise groundnut cultivation targets in Kawlin District were set at 6,100 acres in Kawlin Township, 2,355 acres in Wuntho Township, and 633 acres in Pinlebu Township, totaling 9,088 acres.

In Kawlin District, groundnut cultivation requires about 1.5 baskets of seed per acre, with total production costs—including seed, labour, fertilizer, and pesticides exceeding K200,000 per acre. An average yield of more than 50 baskets per acre is reported.

This year, to ensure successful groundnut production, prevent pest and disease outbreaks, and keep fields free of weeds, staff from the Township Department of Agriculture are conducting field inspections, monitoring, and record-keeping through regular on-site visits to groundnut farms.

206

# Dabayin Township sets target for cultivatin of black gram this year

**Dabayin January 5**

Local farmers have grown 6,009 acres of black gram as cold season crops in Dabayin Township of Sagaing Region, according to YeU District Agriculture Department.

During the 2025-2026 winter cropping season, Dabayin Township has set a target of cultivating 15,147 acres of black gram. Planting began in October this year, and as of today, 6,009 acres have already been cultivated, according to reports.

"During this year's winter cropping season in Dabayin Township, black gram was earmarked for cultivation on 15,147 acres, and 6,009 acres have already been planted against the target cultivation. Efforts are being made to meet the targeted acreage. During the black gram cultivation period, necessary technologies, seed varieties, and pest and disease prevention methods are also being provided through field-level extension activities," said Zaw Myint Htun, District Head of the Ye-U District Department of Agriculture.

In Dabayin Township, the Township Department of Agriculture is providing black gram farmers with awareness and guidance on obtaining regionally suitable quality and pure seed varieties, proper cultivation techniques, pest control, systematic use of chemical fertilizers, and measures to achieve good yields, it is learned.

During this year's winter cropping season, for the cultivation of various pulse crops, the relevant Township Department of Agriculture has been working together with farmers to provide quality seed varieties, necessary inputs, and post-harvest technical guidance to ensure good yields and quality of pulse crops.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ပါကစ္စတန်လေတပ်က Taimoor ဝေဟင်ပစ် ခရုဇ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့



ပါကစ္စတန်လေတပ်သည် ပြည်တွင်းထုတ် Taimoor ဝေဟင်ပစ်ခရုဇ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့ရာ အောင်မြင်မှုရရှိခဲ့ကြောင်း Defence Blog သတင်းဌာနက ဇန်နဝါရီ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Taimoor ဝေဟင်ပစ် ခရုဇ်ဒုံးကျည်သည် ကီလိုမီတာ ၆၀၀ အကွာအဝေးထိရှိသော ကုန်းတွင်းနှင့် ပင်လယ်ပြင်ရှိ ပစ်မှတ်များကို တိကျစွာ ပစ်ခတ်ချေမှုန်းနိုင်ရန် ဒီဇိုင်းထုတ်ထားပြီး သမားရိုးကျထိပ်ဖူးကို သယ်ဆောင်နိုင်သည်။ ဤစမ်းသပ်မှုတွင် ဒုံးကျည်၏ လမ်းညွှန်စနစ်များနှင့်အလွန်နိမ့်သော အမြင့်ပေတွင် ပျံသန်းနိုင်စွမ်းတို့ကို အတည်ပြုနိုင်ခဲ့သည်။ ထိုသို့ အနိမ့်ပျံသန်းနိုင်ခြင်းမှာ ရန်သူ့လေကြောင်းရန် ကာကွယ်ရေးနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်များ၏ ထောက်လှမ်းမှုကို ရှောင်ရှားရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

ဤစမ်းသပ်ပစ်လွှတ်မှုသည် ပါကစ္စတန်၏ ပြည်တွင်းလေကြောင်းအာကာသဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ထပ်ခြေလှမ်းတစ်ခုဖြစ်ပြီး ပြည်တွင်းဒီဇိုင်းနှင့်ထုတ်လုပ်မှုစွမ်းရည်များ ရင့်ကျက်လာမှုကို သက်သေပြလိုက်ခြင်းဖြစ်သည်။ ပါကစ္စတန်လေတပ်က အဆိုပါဒုံးကျည်၏ တိကျစွာတိုက်ခိုက်နိုင်စွမ်းသည် သမားရိုးကျမစ်ရှင်များစွာတွင် စစ်ဆင်ရေးဆိုင်ရာ ပြောင်းလွယ်ပြင်လွယ်ဖြစ်မှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို ပါကစ္စတန်လက်နက်ကိုင်တပ်ဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ သိပ္ပံပညာရှင်များနှင့် အင်ဂျင်နီယာများ တက်ရောက်ကြည့်ရှုခဲ့ကြသည်။ တာဝန်ရှိသူများက ဤဖြစ်ရပ်သည် ပါကစ္စတန်၏ ကာကွယ်ရေးစက်မှုလုပ်ငန်း ပြည်တွင်းဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများမှတစ်ဆင့် ရရှိလာသည့် တိုးတက်မှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပါကစ္စတန် လေတပ်ဦးစီးချုပ် Air Chief Marshal Zaheer Ahmed Baber Sidhu က စီမံကိန်းတွင် ပါဝင်ခဲ့ကြသော သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့်လေတပ်သားများကို အမျိုးသားကာကွယ်ရေး စွမ်းရည်မြှင့်တင်ရန် ကတိကဝတ်ပြုမှုနှင့် ကျွမ်းကျင်သော စွမ်းဆောင်ရည်များအတွက် ဂုဏ်ပြုစကားပြောကြားခဲ့သည်။ ဤစမ်းသပ်မှုသည် ပါကစ္စတန်နိုင်ငံ၏ နည်းပညာပိုင်းဆိုင်ရာ ကိုယ်တိုင်အားကိုးနိုင်ရေးနှင့် ယုံကြည်စိတ်ချရသော သမားရိုးကျဟန့်တားမှုစွမ်းရည်ကို ဖော်ပြနေခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

Taimoor ဒုံးကျည်သည် တိုက်လေယာဉ်များမှ ပစ်လွှတ်နိုင်ရန် ဒီဇိုင်းထုတ်ထားသော ဝေဟင်ပစ်ခရုဇ်ဒုံးကျည်အမျိုးအစားဖြစ်ပြီး ပစ်လွှတ်သည့်လေယာဉ်များအနေဖြင့် ရန်သူ့ကာကွယ်ရေးစနစ်ထူထပ်သောနေရာများ၏ အပြင်ဘက်မှနေ၍ တိုက်ခိုက်မှုအကွာအဝေးကို တိုးမြှင့်နိုင်ရန် လုပ်ဆောင်ပေးနိုင်သည်။ အနိမ့်ပျံသန်းမှုနှင့် ပေါင်းစပ်လမ်းညွှန်စနစ်များသည် နျူကလီးယားထိပ်ဖူးများအပေါ် မှီခိုရန်မလိုဘဲ ပုံသေပစ်မှတ်များနှင့် ရွေ့လျားပစ်မှတ်များကို တိကျစွာ ထိမှန်ဖျက်ဆီးနိုင်ရန် အထောက်အကူပြုနိုင်သည်။

ပါကစ္စတန်သည် မကြာသေးမီနှစ်များအတွင်း တိုက်ပွဲဝင်အသင့်ဖြစ်မှုအခြေအနေကို ထိန်းသိမ်းထားရန်နှင့် ပြည်ပမှထောက်ပံ့သူများအပေါ် မှီခိုမှုလျှော့ချရန်အတွက် ပြည်တွင်းစစ်လက်နက်ထုတ်လုပ်ရေးကို အလေးပေးဆောင်ရွက်လျက်ရှိသည်။ Taimoor ဒုံးကျည်ကဲ့သို့သော စီမံကိန်းများကို ပါကစ္စတန်လေတပ်က သမားရိုးကျ မစ်ရှင်များစွာတွင် အထောက်အကူပြုမည့်လက်နက်အဖြစ် သတ်မှတ်ဖော်ပြထားပြီး ၎င်းသည် နိုင်ငံ၏ မဟာဗျူဟာမြောက် မူဝါဒများကို ပြောင်းလဲခြင်းမျိုးမဟုတ်ကြောင်း သိရသည်။

**Pakistan tests Taimoor air-launched cruise missile ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်မရိန်းတပ်ဖွဲ့က FPV တိုက်ခိုက်ရေးဒရုန်းကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ရေးအတွက် စစ်သည်များလေ့ကျင့်မှုစတင်



အမေရိကန် မရိန်းတပ်ဖွဲ့သည် FPV တိုက်ခိုက်ရေးဒရုန်း ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ရေးအတွက် စစ်သည်များ လေ့ကျင့်မှု စတင်လိုက်ပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤအစီအစဉ်သည် Neros Archer ကဲ့သို့သော စျေးကွက်အတွင်း အလွယ်တကူဝယ်ယူနိုင်သည့် FPV တိုက်ခိုက်ရေးဒရုန်းများအပါအဝင် စနစ်သစ်များကို တပ်ဖြန့်လာသည်နှင့်အမျှ စံချိန်စံညွှန်းကိုက်ညီသော လေ့ကျင့်မှုနှင့် လက်မှတ်ရကျွမ်းကျင်သူများ ပေါ်ထွက်လာစေရန် ရည်ရွယ်ထားသည်။ ယခုကြိုးပမ်းမှုသည် ၂၀၂၆ ခုနှစ် မတ်လတွင် တိုက်ခိုက်ရေးဒရုန်းသောင်းနှင့်ချီ၍ စတင်တပ်ဖြန့်ရန်နှင့်နောက်နှစ်များတွင် အရေအတွက်ပိုမိုတိုးမြှင့်ရန် ချမှတ်ထားသည့် ပင်တဂွန်စစ်ဌာနချုပ်၏ ရည်မှန်းချက်နှင့် ထပ်တူကျလျက်ရှိသည်။

မရိန်းတပ်ဖွဲ့၏ လေ့ကျင့်ရေးနှင့်ပညာရေးဌာနချုပ် (TECOM) က ရေးဆွဲထားသော မူဘောင်အရစမ်းသပ်သင်တန်းခြောက်ခုနှင့် ကျွမ်းကျင်မှုလက်မှတ်ရှစ်မျိုးကို သတ်မှတ်ပေးသွားမည်ဖြစ်သည်။ ၎င်းတွင် အခြေခံဒရုန်းကိုင်တွယ်သူ၊ တိုက်ခိုက်ရေးဒရုန်းကိုင်တွယ်သူ၊ ခဲယမ်းတပ်ဆင်မှုအထူးပြုနှင့် နည်းပြဆရာစသည့်အခန်းကဏ္ဍများ ပါဝင်သည်။ ဤသင်တန်းများသို့ မည်သည့်လုပ်ငန်းခွင်အထူးပြုမှမဆို တက်ရောက်နိုင်ပြီး လက်နက်တပ်ဆင်ထားသော စနစ်များနှင့်လက်နက်မဲ့စနစ်များ နှစ်မျိုးစလုံးအတွက် အခြေခံကျွမ်းကျင်မှုများ တည်ဆောက်ပေးရန် ရည်ရွယ်ထားသည်။ ဗာဂျီးနီးယားပြည်နယ် Quantico အခြေစိုက်စခန်းရှိ စစ်လက်နက်သင်တန်းတပ်ရင်းက ယာယီဗဟိုဌာနချုပ်အဖြစ်တာဝန်ယူကာ စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ လက်မှတ်ထုတ်ပေးခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုလို လေ့ကျင့်ရေးအရှိန်မြှင့်တင်မှုသည် မကြာသေးမီက ကျင်းပခဲ့သော အမှတ် (၂၂) မရိန်းအထူးတပ်ဖွဲ့၏ စစ်ရေးလေ့ကျင့်မှုများနှင့် ဂျပန်နိုင်ငံရှိ စစ်ရေးလေ့ကျင့်မှု ပြိုင်ပွဲများမှရရှိလာသော အောင်မြင်မှုများအပေါ် အခြေခံထားခြင်းဖြစ်သည်။ အဆိုပါပွဲများအတွင်း ခဲယမ်းတပ်ဆင်မှုနည်းပြနှစ်ဦး၊ အထူးပြုခုနစ်ဦး၊ တိုက်ခိုက်ရေးဒရုန်းနည်းပြ ငါးဦးနှင့် ဒရုန်း မောင်းသူ ၁၉ ဦးတို့ကို ကျွမ်းကျင်မှုလက်မှတ်များ ထုတ်ပေးနိုင်ခဲ့သည်။

၂၀၂၆ ခုနှစ် မေလတွင် ခြေလျင်လာမည့်လများအတွင်း ဤသို့သော အရည်အချင်းစစ် အစီအစဉ်သို့ စစ်သည်ပေါင်း ရာနှင့်ချီ၍ထပ်မံစေလွှတ်သွားမည်ဖြစ်ကြောင်း အမေရိကန်မရိန်းတပ်ဖွဲ့က ထုတ်ပြန်ထားသည်။

တပ်ရင်းများ၊ ကင်းထောက်တပ်ဖွဲ့များနှင့် ကမ်းခြေစစ်ဆင်ရေးယူနစ်အားလုံး၌ FPV တိုက်ခိုက်ရေးဒရုန်းစွမ်းဆောင်ရည်များ အပြည့်အဝရှိနေစေရန် လျာထားဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**New US Marines Training Pipeline to Expand FPV Attack Drone Force ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၆၉၉၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၆၉၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် ကြက်သွန်နီ ဧက ၁၀၁၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ရွှေဘိုမြို့နယ်တွင် ၆၂၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၁၅၄၃ ဧက၊ ဝက်လက်မြို့နယ်တွင် ၄၅၁၅ ဧက၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၃၀၈ ဧက စုစုပေါင်း ၆၉၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ရွှေဘိုခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီဧက ၁၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ကြက်သွန်နီ ဈေးကွက်တွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးတာတွေရှိပါတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် ကြက်သွန်နီစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၂၂၈၇ ဧက၊ ခင်ဦးမြို့နယ်တွင် ဧက ၂၉၈၀၊ ဝက်လက်မြို့နယ်တွင် ၄၅၀၃ ဧက၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ဧက ၃၃၀ စုစုပေါင်းဧက ၁၀၁၀၀ တို့ဖြစ်ကြောင်းသိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့်ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)




## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်
အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို
- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မြစ်သားမြို့နယ် ရောက်စောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်



**မြစ်သား ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရွာသစ်ကျေးရွာအုပ်စု ရောက်စောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသော ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းကို အကောင်ထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ အောင်မြင်ရန်အတွက် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါလိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

မြစ်သားမြို့နယ် ရောက်စောက်ကျေးရွာ၌ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀ ပံ့ပိုးပြီး စီမံကိန်းအသင်းသား၊ အသင်းသူများကိုစုဖွဲ့၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများကို ဆောင်ရွက် လုပ်ကိုင်စေမည်ဖြစ်ကြောင်းနှင့်တိုးပွားလာသော စီမံကိန်းအတိုးရငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# ညောင်တုန်းမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ညောင်တုန်း ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ ကုန်စိမ်းဈေးကွက်တွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတတိယပတ်မှ ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်လျက်ရှိပြီး လက်ရှိ တစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိဿာချိန် ၂၅၀၀ မှ ၅၅၀၀ ထိ ဝယ်ယူမှုအား ကောင်းမွန်ပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါတိုင်ထောင်ပဲသီး တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။



"ဒီဘက်ကနေ ထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေတာပါ။ လက်ရှိ တိုင်ထောင်ပဲသီး ပိဿာချိန် ၅၅၀၀ ထိ တစ်ရက်တာ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုလိုဒေသထွက် တိုင်ထောင်ပဲသီးတွေ ဝယ်ယူအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမို အဆင်ပြေလာပါတယ်" ဟု ညောင်တုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် လက်ရှိ တိုင်ထောင်ပဲသီးများ အပါအဝင် ဒေသထွက်ဟင်းသီးဟင်းရွက်များ ဝယ်ယူအားကောင်း အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

ကျော်ကျော်လင်း

# မိုင်းယန်းမြို့နယ် ယန်းခိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုင်းယန်း ဇန်နဝါရီ ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ယန်းခိုင်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့်ခရိုင်၊ မြို့နယ်အင်ဂျင်နီယာများက ယန်းခိုင်ကျေးရွာ၌ ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၃၀၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်လက်မရှိ ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၆၀ ဒသမ ၃၃ သန်းဖြင့် Ester Akha Lay ကုမ္ပဏီက တင်ဒါအောင်မြင်၍ ၂၀၂၅ ခုနှစ် ဇူလိုင်လ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ယန်းခိုင်ကျေးရွာမှ လယ်ယာထွက်ကုန်များကိုဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

အောင်ရဲကျော်


ကိုဗစ် - ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲအပိုင်း(၁)ကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၂) နှင့် အပိုင်း(၃)တို့ကို ဆက်လက်ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းများ ဆောင်ရွက်နိုင်ရန် ရက်ပေါင်း ၆၀ သတ်မှတ်ခွင့်ပြုပေးခဲ့ပြီး ရွေးကောက်ပွဲအပိုင်း (၁)ပြီးနောက် အပိုင်း (၂) နှင့် အပိုင်း(၃)အတွက် မဲဆွယ်စည်းရုံးခြင်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးနေ့ရက်များ သတ်မှတ်ခွင့်ပြုပေးခဲ့ပါကြောင်း။

မဲဆွယ်စည်းရုံးရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရာတွင် မဲဆွယ်စည်းရုံးရေးဆိုင်ရာဥပဒေ၊ စည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်အောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ပြိုင်ဘက်ပါတီများ၊ ပြိုင်ဘက်ကိုယ်စားလှယ်လောင်းများကို စော်ကားပုတ်ခတ်၍ ပြောဆိုစည်းရုံးခြင်းသည် ရာဇဝတ်ကြောင်းအရ ပြစ်မှုမြောက်နိုင်သကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုလည်း မြောက်နိုင်ပါကြောင်း၊ တစ်ဖက်ပါတီကို နှိမ့်ချပုတ်ခတ်ပြောဆိုစည်းရုံးခြင်းသည် ကျင့်ဝတ်သိက္ခာမဲ့သည့်လုပ်ဆောင်ချက်အဖြစ် မှတ်ယူရမည်ဖြစ်ပြီး ရွေးကောက်ပွဲနှင့် ပါတီ၏ပုံရိပ်ကိုလည်း ထိခိုက်စေမည်ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲအပိုင်း(၁)မှ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းများကို ထုတ်ပြန်ကြေညာလျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးထားပြီးဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကုန်ကျစရိတ်စာရင်းများကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၂ ပါအတိုင်း သတ်မှတ်ရက်အတွင်း အချိန်မီတင်သွင်းကြရန်မှာကြားလိုကြောင်း၊ တင်သွင်းရန်ပျက်ကွက်ပါက အရည်အချင်းပျက်ယွင်းသူအဖြစ် ကြေညာခံရမည်ကို သတိချပ်စေလိုပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး မဲစာရင်းကို သုံးကြိမ်တိုင်ကပ်ထားကြေညာပေးခဲ့ပြီး မဲစာရင်းတွင် မပါဝင်ပါက တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍လည်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်အသေးစိတ်ကို ရှင်းလင်းပြောကြားခဲ့ပြီး ၂-၁-၂၀၂၆ ရက်စွဲဖြင့်လည်း အသိပေး ထုတ်ပြန်ကြေညာပြီးဖြစ်ပါကြောင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရေတွက်ခြင်း၊ ဆန္ဒမဲစာရင်းများပြုစုခြင်း၊ ကပ်ထားကြေညာခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများ၊ အများပြည်သူတို့ကိုဖိတ်ကြား၍ ပွင့်လင်းမြင်သာစွာဖြင့်တိကျမှန်ကန်စွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရရှိသည့်ဆန္ဒမဲစာရင်းများကို အများပြည်သူသိရှိနိုင်ရန် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပြီးဖြစ်ပါကြောင်း။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုလွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲ၊ ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်ကြောင်း အသိအမှတ်ပြု မှတ်ကျောက်တင်ရန်အတွက် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ နိုင်ငံတကာနှင့် ပြည်တွင်းသတင်းမီဒီယာအဖွဲ့အစည်းများမှ သတင်းမီဒီယာသမားများ စုစုပေါင်း ၁၅၄၄ ဦးခန့် စောင့်ကြည့်လေ့လာသတင်းရယူခွင့်ပြုခဲ့ပါကြောင်း၊ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက မဲဆန္ဒရှင်ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ အားတက်သရောလာရောက်မဲပေးခဲ့မှုများကို မြင်တွေ့ခဲ့ကြသည့်အတွက် အောင်မြင်သည့်ရွေးကောက်ပွဲဖြစ်ကြောင်းနှင့် ထောက်ခံအားပေးအသိအမှတ်ပြု မှတ်ချက်စကားများပြောကြားခဲ့ပါကြောင်း၊ အခက်အခဲအမျိုးမျိုးကြားမှ လာရောက်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မှန်မှန်ကန်ကန်၊ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲမှတစ်ဆင့် ဂုဏ်သိက္ခာရှိသော လွှတ်တော်အသီးသီးဖွဲ့စည်းနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့်ပြည်ထဲရေးဝန်ကြီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှတာဝန်ရှိသူများ၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၄၇ ပါတီမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ




နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ထူးချွန်ဆုရ ကျောင်းသားတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ခင်းကျင်းပြသထားသည့် ကျောင်းသား၊ ကျောင်းသူများ တီထွင်ဖန်တီးပြုလုပ်ထားသော လက်မှုပညာနှင့် သင်ထောက်ကူဆိုင်ရာ ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၅**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ မြတ်စေတနာခန်းမ၌ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက "စုံညီပွဲတော်ဒို့နွဲပျော်"သီချင်းဖြင့်သီဆိုဖျော်ဖြေ၍ အခမ်းအနားကိုဖွင့်လှစ်ပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့ကြသည့်ကျောင်းသား၊ကျောင်းသူများ၊လူရည်ချွန်အဆင့်ဆင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲ၌ဆုရရှိသည့်ကျောင်းသား၊ ကျောင်းသူများနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများရရှိ အောင်သင်ကြားပြသပေးခဲ့သည့်ဆရာ၊ဆရာမများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ကျောင်းသူများ၏ တေးသံသာအကအလှများဖြင့် ဖျော်ဖြေမှုများကိုကြည့်ရှုအားပေးကြပြီးကျောင်းအတွင်း ခင်းကျင်းပြသထားသည့် ကျောင်းသား၊ ကျောင်းသူများတီထွင်ဖန်တီးပြုလုပ်ထားသော လက်မှုပညာနှင့် သင်ထောက်ကူဆိုင်ရာပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

## လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

# ငြိမ်းချမ်းရေးတွင် လူငယ်ကဏ္ဍသည် အရေးကြီးသည်ကို ယခုကျင်းပမည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်ဖြင့် ပုံဖော်မည်

**နေပြည်တော် ဇန်နဝါရီ ၅**

လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးဦးစီးကော်မတီ၏ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။



အစည်းအဝေးသို့ လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊အမြဲတမ်းအတွင်းဝန်များ၊ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက Video Conferencing ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ငြိမ်းချမ်းရေးတွင် လူငယ်ကဏ္ဍသည် အရေးကြီးသည်ကို ယခုကျင်းပမည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်ဖြင့် ပုံဖော်မည်ဖြစ်ကြောင်း၊ နိုင်ငံတည်ဆောက်ရေးတွင် အရည်အသွေးမြင့်မားသည့် လူငယ်များရရှိစေရန် ယခုကျင်းပမည့်ဖိုရမ်မှ ဖော်ထုတ်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် လူငယ်များ၏အခန်းကဏ္ဍကို ဆက်နွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းမှသာ လူငယ်များ၏ အနာဂတ်ကောင်းမွန်မည်ဖြစ်ပြီး လူငယ်များကို ပြုစုပျိုးထောင်ပေးမှသာ ငြိမ်းချမ်းသည့် ပတ်ဝန်းကျင်တစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ သဟဇာတဖြစ်သည့် ပတ်ဝန်းကျင်တစ်ခုဖြစ်အောင်၊ လူငယ်များကို ကိုယ်ကျင့်တရားကောင်းမွန်သည့် လူငယ်များဖြစ်အောင် ဆွေးနွေးဖော်ထုတ်မည်ဖြစ်ကြောင်း၊ ယခုဖိုရမ်မှတစ်ဆင့် တီထွင်ဖန်တီးနိုင်စွမ်းရှိသော လူငယ်များကို ဖော်ထုတ်နိုင်ရန်၊ အနာဂတ်နိုင်ငံတော်အတွက် စွမ်းရည်မြင့်မားသည့် လူငယ်များ ပေါ်ထွက်လာစေရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ယနေ့အစည်းအဝေးတွင် သက်ဆိုင်ရာကော်မတီအလိုက် အဆုံးအဖြတ်ပေးရမည့်အချက်များကို အတည်ပြုချက်ရယူမည်ဖြစ်ကြောင်း၊ ကျင်းပမည့်ဖိုရမ်သည် ယခင်ငြိမ်းချမ်းရေးဖိုရမ်များနှင့်မတူဘဲ လူငယ်များအနေဖြင့် သီးသန့်ဆောင်ရွက်သည့် ဆွေးနွေးမှုအခင်းအကျင်းဖြစ်ကြောင်း၊ လူငယ်ငြိမ်းချမ်းရေးဖိုရမ်သည် အနာဂတ်အတွက် အရေးပါသည့် လူငယ်များ၏ အခန်းကဏ္ဍကို ရည်ရွယ်၍ ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားပြီး လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးလုပ်ငန်းကိစ္စရပ်များ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအခြေအနေ၊ ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက လုပ်ငန်းကဏ္ဍအလိုက်ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုလူငယ်ငြိမ်းချမ်းရေးဖိုရမ်သည် နိုင်ငံအတွက် အနှစ်သာရရှိသည့် ဖိုရမ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်က လူငယ်များကို အလေးထားကြောင်း၊ လုံခြုံပျော်ရွှင်တည်ငြိမ်သည့် အသိုက်အဝန်းရရှိနိုင်မည့် သတင်းစကားကို ယခုဖိုရမ်တွင် လူငယ်များကို ပေးရမည်ဖြစ်ကြောင်း၊ လူငယ်နှင့်အစိုးရ၊ ပြည်သူနှင့်အစိုးရ ယုံကြည်မှုတည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယခုလူငယ်ငြိမ်းချမ်းရေးဖိုရမ်တွင် လူငယ်များသည် နိုင်ငံတည်ဆောက်ရေးအတွက် အရေးပါသည်ဆိုသည့် သတင်းစကားကို ပေးနိုင်ရမည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

ဖိုရမ်သည် နိုင်ငံတည်ဆောက်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍပါဝင်မှုကို အလေးပေးဆောင်ရွက်ခြင်းဖြစ်ပြီး လူငယ်များ၏ စိတ်ဓာတ်နှင့် စွမ်းအားများကို အကောင်းဆုံးသောပုံစံများဖြင့် နိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များအတွင်းပေါင်းစပ်ထည့်သွင်းနိုင်မည်ဖြစ်သည်။

ဖိုရမ်မှတစ်ဆင့် လူငယ်များ၏အသံကို ရှင်းလင်းပြတ်သားစွာ နားလည်သဘောပေါက်ရန်အတွက် ပဋိပက္ခကိုဖြစ်ပေါ်စေသည့် အချက်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သက်ရောက်မှုများ၊ လူငယ်များ၏ လုံခြုံရေးနှင့် အကာအကွယ်၊ ကျား၊ မ ကဏ္ဍအလိုက် မတူညီသော ထိလွယ်ရှလွယ်သည့် အခြေအနေ၊ အားနည်းချက်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံသားများ ပူးပေါင်းပါဝင်နိုင်မှုအတွက် စိန်ခေါ်မှုများနှင့် ကျော်လွှားနိုင်မည့် နည်းလမ်းများ၊ စီးပွားရေးစိန်ခေါ်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းကိစ္စရပ်များ၊ ပညာဆက်လက်သင်ယူနိုင်ရေးနှင့် ပညာရေးအတွက်ကွာဟချက်များ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ဉာဏ်ရည်တုနည်းပညာ(AI)၊ ဆိုက်ဘာ(Cyber)၊ လူမှုကွန်ရက်(Social Media)များတွင် လူငယ်များပါဝင်ဦးဆောင်နိုင်သော အခြေအနေနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့အတွက် လူငယ်များ၏ သဘောထားဆန္ဒအသံများကို လေ့လာဖော်ထုတ်၍ ဆက်လက်ဆောင်ရွက်မည့် လူငယ်လုပ်ငန်းစဉ်အစီအစဉ်များကို ရယူဖော်ထုတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျိုင်းတုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတို့၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတို့၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းအသီးသီး၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ၊ ပြည်နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ထူးချွန်ဆုရ ကျောင်းသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ထူးချွန်ဆုရ ကျောင်းသားတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

ဦးစွာ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “ကြိုဆိုပါသည် စုံညီပွဲတော်” သီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်ကြပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ချီးမြှင့်ငွေနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ကြသူများ၊ ပညာရည်ချွန်ဆုရရှိသူများ၊ ကဗျာ၊ စာစီစာကုံး၊ ပန်းချီ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများ၏ တိုင်းရင်းသားရိုးရာအကအလှများဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည်အထိမ်းအမှတ်ပြခန်းအတွင်းသို့ လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြပြီး ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ချီးမြှင့်ငွေနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ကြသူများနှင့် ဂုဏ်ပြုဆုရရှိကြသူများကို ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကာ ကျောင်းသား၊ ကျောင်းသူများများ၏ အကအလှများဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနူထင် ချာဗီရက္ကန်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ထိုင်းတော်ဝင်အစိုးရနှင့် ထိုင်းပြည်သူများ၏ကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ယဉ်ကျေးမှုနှင့် ဘာသာရေးဓလေ့ထုံးတမ်းများတူညီသည့် အိမ်နီးချင်းနိုင်ငံများအဖြစ် အပြန်အလှန်ယုံကြည်မှု၊ လေးစားမှုနှင့် ဘုံအကျိုးစီးပွားတို့သာမက ခိုင်မာအားကောင်းသည့် ပြည်သူအချင်းချင်းဆက်ဆံရေးတို့ဖြင့် တည်ဆောက်ထားသည့် ကာလရှည်ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ထူထောင်ထားရှိကြပါသည်။

အခွင့်အခါကြုံခိုက် မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားအတွက် နှစ်နိုင်ငံဆက်ဆံရေးကို ဆက်လက်မြှင့်တင်နိုင်ရေး မြန်မာနိုင်ငံနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားမည့် ထိုင်းနိုင်ငံ၏ မယိမ်းယိုင်သည့် သန္နိဋ္ဌာန်အား ထပ်လောင်းအတည်ပြုလိုပါသည်။ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအခွန့်ရှည်တည်တံ့မှုကို ဦးတည်လုပ်ဆောင်နေသည့် လမ်းကြောင်းကို ထောက်ခံအားပေးရန် အမြဲအသင့်ရှိပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ သီရိလင်္ကာနိုင်ငံ သမ္မတ မစ္စတာ အနူရာ ကုမာရ ဒစ်ဆာနာယာကထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် သီရိလင်္ကာနိုင်ငံအစိုးရနှင့် ပြည်သူများ၏ကိုယ်စားလည်းကောင်း၊ မိမိကိုယ်တိုင်အနေဖြင့်လည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနှင့် ပြည်သူများကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းပို့သအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့အကြား ထေရဝါဒဗုဒ္ဓဘာသာနှင့် တူညီသည့် ယဉ်ကျေးမှုတန်ဖိုးထားခြင်းများကို အခြေခံသည့် ကာလရှည်ကြာစွာ တည်တံ့လျက်ရှိသော ခင်မင်ရင်းနှီးမှုသည် လိုအပ်သည့် အချိန်များ၌ နှစ်နိုင်ငံအကြား စုစည်းညီညွတ်မှုစိတ်ထားဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကြောင့် ပိုမိုခိုင်မာလာခဲ့ပါသည်။

နောင်လာမည့်နှစ်များတွင်လည်း နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးများသည် ဆက်လက်တိုးတက်လာပြီး နှစ်နိုင်ငံပြည်သူများ၏ အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်နှင့် ပညာရေး၊ အဆင့်မြင့်ပညာနှင့် သက်မွေးပညာဝန်ကြီး ဒေါက်တာ ဟာရိနီ အမာရာဆူရိယာထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းများပို့သအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းအစဉ်အဆက် တည်ရှိခဲ့သော ဆက်ဆံရေးတို့အပေါ် အခြေခံထားသည့် နှစ်ကာလရှည်ကြာချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးရှိပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုတို့သည် နောင်နှစ်ပေါင်းများစွာတွင် ပိုမိုနက်ရှိုင်းခိုင်မြဲလာပြီး နှစ်နိုင်ငံပြည်သူများအတွက် နှစ်ဖက်အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းလာမည်ဟု မိမိယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ သီရိလင်္ကာနိုင်ငံခြားရေး၊ ပြည်ပအလုပ်အကိုင်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး မစ္စတာ ဗီဂျစ်သာ ဟီရတ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပျော်ရွှင်ဖွယ်ကောင်းသော ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်နွှယ်မှုတို့အပေါ် အခြေခံ၍ ကာလရှည်ကြာချစ်ကြည်ရင်းနှီးသော သမိုင်းအစဉ်အလာရှိသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားရှိပါသည်။ ယင်းသို့သော ဆက်နွှယ်မှုများသည် မိမိတို့နှစ်နိုင်ငံအကြား ရင်းနှီးသောဆက်ဆံရေးအတွက် ခိုင်မာသောအုတ်မြစ်ဖြစ်လာပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုသည် နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားအတွက် လာမည့်နှစ်များအတွင်း ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်သစ်များ၌ ပိုမိုကျယ်ပြန့်စွာတိုးတက်လာမည်ဟု မိမိအနေဖြင့် ယုံကြည်မျှော်လင့်မိပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆီဟဆက် ဖူဝန်ကေ့ကဲ့ဝို့ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူများအားလုံးထံသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းပို့သအပ်ပါသည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အပြန်အလှန်လေးစားမှု၊ အကျိုးစီးပွားနှင့် ယဉ်ကျေးမှုချင်း နီးနွှယ်ဆက်စပ်သည့် ခိုင်မာသောအုတ်မြစ်များဖြင့် ကာလရှည်ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို တည်ထောင်ခဲ့ကြပါသည်။ မိမိတို့နှစ်နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် နီးကပ်စွာဆက်နွှယ်လျက်ရှိပြီး ပြည်သူအချင်းချင်း ရင်းနှီးသောဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံဆက်ဆံရေး၏ အဓိကမဏ္ဍိုင်များဖြစ်ကြပါသည်။

ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းစိတ်ဓာတ်တို့ဖြင့် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်ခိုင်မာအားကောင်းလာမည်ဟု အခိုင်အမာယုံကြည်လျက် နှစ်နိုင်ငံနှင့် ပြည်သူများအတွက် စိန်ခေါ်မှုများကို အတူတကွရင်ဆိုင်ဖြေရှင်းပြီး ငြိမ်းချမ်းရေး၊ တိုးတက်သာယာဝပြောရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အတူတကွ မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယခု မြန်မာနိုင်ငံတွင် ကျင်းပလျက်ရှိသော ရွေးကောက်ပွဲသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုတိုးတက်အောင် ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု ဆန္ဒပြုအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ ချွဲဆုန်းဟီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လာမည့်နှစ်များတွင် မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန် မျှော်လင့်ပါသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | | | |
|---|---|---|---|---|
| ၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm) | ၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm) | ၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm) | ၄။ Myawady Webportal (https://myawady.net.mm) | ၅။ Myanmar National Portal (https://myanmar.gov.mm) |

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၈ / ၂၀၂၆)**
၁၃၈၇ ခုနှစ် ပြာသိုလပြည့်ကျော် ၃ ရက်
(၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ချင်းပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| ( ၁ ) | ဦးပေါင်ဇလန်း | ၁၃/ရစန(နိုင်)၀၀၃၃၀၅ | တီးတိန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ဇိုမီးအမျိုးသားပါတီ |
| ( ၂ ) | ဒေါက်တာဝုန်ဆွန်းထန် | ၁၂/ပဇတ(နိုင်)၀၁၈၉၂၇ | ဟားခါးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ချင်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)** | | | | |
| ( ၃ ) | ဦးကောလ်လျန်ထန်း | ၄/ဖလန(နိုင်)၀၀၄၁၉၄ | ပလက်ဝမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၄ ) | ဦးဆန်အုပ်မန်း | ၄/ထတလ(နိုင်)၀၂၇၀၄၂ | ဟားခါးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၅ ) | ဦးသန့်စင်ဦး | ၉/ပမန(နိုင်)၁၈၆၇၆၇ | မတူပီမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၆ ) | ဦးတင်ကာကျင် | ၄/မတပ(နိုင်)၀၀၀၁၇၁ | တီးတိန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၇ ) | ဦးအောင်ကျော်ငွေး | ၁၂/ရပသ(နိုင်)၀၅၁၄၄၁ | ထန်တလန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၈ ) | ဦးထန်ရှင်းထောင်း | ၄/တတန(နိုင်)၀၅၁၄၂၅ | မင်းတပ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဇိုမီးအမျိုးသားပါတီ |
| ( ၉ ) | ဦးဇမ်းရှင်းဒါလ်း | ၄/တတန(နိုင်)၀၀၀၆၅၅ | တွန်းဇံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဇိုမီးအမျိုးသားပါတီ |
| (၁၀) | ဦးဒါးလ်လမ်းမုန် | ၅/ကလထ(နိုင်)၂၈၅၉၆၃ | ကန်ပက်လက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဇိုမီးအမျိုးသားပါတီ |
| (၁၁) | ဦးဝမ်းလျန်းထန် | ၉/မရမ(နိုင်)၀၀၈၀၉၂ | ဖလမ်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ချင်းပြည်သစ်ကွန်ဂရက်ပါတီ |
| **ရခိုင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၂) | ဦးကျော်ဆွေလင်း | ၁၁/ကဖန(နိုင်)၀၄၂၆၄၃ | ကျောက်ဖြူမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးနိုင်ဦး | ၁၂/သကတ(နိုင်)၁၂၁၁၁၅ | စစ်တွေမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဦးထွန်းဝင်း | ၁၁/မအန(နိုင်)၀၂၁၄၇၉ | မာန်အောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ရခိုင့်ဦးဆောင်ပါတီ |
| **ရခိုင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)** | | | | |
| (၁၅) | ဒေါက်တာစန်းရွှေ | ၁၁/စတန(နိုင်)၀၁၄၉၁၅ | စစ်တွေမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးကျော်စိုး | ၁၁/စတန(နိုင်)၀၃၁၁၉၅ | မြောက်ဦးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးမြင့်စိုးဝင်း | ၁၁/ပဏတ(နိုင်)၀၅၂၈၁၂ | ကျောက်တော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | ဦးသာထွန်း | ၁၁/မပတ(နိုင်)၀၁၉၆၀၄ | ပေါက်တောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) | ဦးထင်လင်းဦး | ၁၁/ကဖန(နိုင်)၀၃၇၃၇၆ | မြေပုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးစောသိန်းထွန်း | ၁၁/စတန(နိုင်)၀၆၂၄၀၇ | မင်းပြားမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၁) | ဦးတင်မောင်ဝင်း | ၁၂/သခန(နိုင်)၁၀၀၈၃၄ | ဘူးသီးတောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင့်ဦးဆောင်ပါတီ |
| (၂၂) | ဦးအေးသာအောင် | ၁၁/ပတန(နိုင်)၀၃၈၅၄၇ | ပုဏ္ဏားကျွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင့်ဦးဆောင်ပါတီ |
| (၂၃) | ဦးဘစံ | ၁၁/စတန(နိုင်)၀၅၀၅၆၈ | ရသေ့တောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင်တိုင်းရင်းသားများ ပါတီ |
| (၂၄) | ဦးအောင်ကျော်ဇော | ၁၁/ဘသတ(နိုင်)၀၁၂၅၂၆ | မောင်တောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင်တိုင်းရင်းသားများ ပါတီ |
| **ရခိုင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)** | | | | |
| (၂၅) | ဒေါ်ခိုင်ဇင်ဦး | ၇/ပမန(နိုင်)၀၀၅၇၁၄ | ရမ်းဗြဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးမြသန်း | ၁၁/မတန(နိုင်)၀၀၀၈၆၀ | အမ်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၇) | ဦးဇော်ဇော်အောင် | ၁၁/တကန(နိုင်)၀၇၃၈၃၉ | သံတွဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၈) | ဦးအောင်စောသိန်း | ၁၁/ကဖန(နိုင်)၀၄၂၇၇၇ | ကျောက်ဖြူမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင့်ဦးဆောင်ပါတီ |
| (၂၉) | ဦးသိန်းမြင့် | ၁၁/ကဖန(နိုင်)၀၂၂၆၀၀ | ဂွမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင့်ဦးဆောင်ပါတီ |
| (၃၀) | ဦးဇော်လင်းအောင် | ၁၁/ကဖန(နိုင်)၁၅၅၆၃၄ | တောင်ကုတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင်တိုင်းရင်းသားများ ပါတီ |
| (၃၁) | ဒေါ်ချိုသဲမွန် | ၉/မထလ(နိုင်)၁၈၉၁၉၈ | မာန်အောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင်တိုင်းရင်းသားများ ပါတီ |
| **ရခိုင်ပြည်နယ်လွှတ်တော်(ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်)** | | | | |
| (၃၂) | ဦးတင်လှ | ၁၁/မပတ(နိုင်)၀၀၁၇၃၃ | ချင်းတိုင်းရင်းသား လူမျိုးမဲဆန္ဒနယ် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

❑ **မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှ**

ထက်ဝေဖြိုးတို့က သွင်းယူနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီက သုဝဏ္ဏအားကစားကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒဂုံပေါ့အသင်းက ခုနစ်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံပေါ့အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် လေးမိနစ်နှင့် ၃၇ မိနစ်တို့တွင် ကန်တိုနာ၊ ပွဲချိန် ၁၁ မိနစ်တွင် မီချယ်၊ ၂၄ မိနစ်တွင် ရာဇာအောင်၊ ပွဲချိန် ၄၅ မိနစ်နှင့် ၅၁ မိနစ်တွင် ထွန်းထွန်းသိန်းနှင့် ပွဲချိန် ၈၅ မိနစ်တွင် လရောင်တို့က သွင်းယူနိုင်ခဲ့ပြီး ရာမညယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၂ မိနစ်တွင် ဒဂုံပေါ့အသင်းက ကိုယ့်ဂိုးကိုယ်သွင်းယူသည့်အတွက် ရာမညယူနိုက်တက် အသင်းက ချေပဂိုးရရှိခဲ့ကာ ပွဲချိန် မိနစ် ၈၀တွင် ဟိန်းထက်ဇော်ဝင်းက ဒုတိယသွင်းဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲစဉ်များအဖြစ် ဇန်နဝါရီ ၆ ရက် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# “မယ်ကောမိ”ရှေးဟောင်းစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်လှူပူဇော်၊ သံဃာတော်အရှင်သူမြတ်တို့အား သံဃဒါနဆွမ်းလောင်းလှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲ ကျင်းပ



“မယ်ကောမိ”ရှေးဟောင်းစေတီတော်အထွတ်တွင် ဆရာတော်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် စေတနာရှင်အလှူရှင်များက ရွှေထီးတော် တင်လှူပူဇော်ကြစဉ်။



“မယ်ကောမိ”ရှေးဟောင်းစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်လှူပူဇော်၊ သံဃာတော်အရှင်သူမြတ်တို့အား သံဃဒါနဆွမ်းလောင်းလှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲ ကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၅**

မန္တလေးလျှင်ကြီး လှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့ပြီး ဆရာတော်ကြီးများ၏ သြဝါဒကိုခံယူ၍ အသစ်တစ်ဖန်ပြန်လည် ပြုပြင်မွမ်းမံပြီးစီးခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ နယ်မြေခံတပ်ရင်းအတွင်းရှိ“မယ်ကောမိ”ရှေးဟောင်းစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်လှူပွဲ၊ သံဃာတော်အရှင်သူမြတ်တို့အား သံဃဒါနဆွမ်းလောင်းလှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်းကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ အောင်ပန်းမြို့ အောင်ချမ်းသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စေတနာရှင်အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်ချမ်းသာကျောင်းတိုက်ဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်မြတ်များကို နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းမှူးနှင့် စေတနာရှင်အလှူရှင်များက သံဃာတော်များထံ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး အောင်ပန်းမြို့ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ လွယ်မယ်ကျောင်းဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် စေတနာရှင်အလှူရှင်များက စေတီတော်အထွတ်တွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြ၍ မင်္ဂလာပန်းရထားဖြင့် စေတီတော်အထွတ်သို့ အစီအစဉ်အတိုင်း ပို့ဆောင်တင်လှူပူဇော်ကြပြီး သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြသည်။

ယင်းနောက် ကြွရောက်လာကြသော သံဃာတော်များအား တိုင်းမှူးနှင့် စေတနာရှင် အလှူရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ကြကာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(ဒ၁၁)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၊ မဲရုံနေရာများကို သွားရောက်ကြည့်ရှုစစ်ဆေး



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် တွေ့ဆုံစဉ်။

**နေပြည်တော် ဇန်နဝါရီ ၅**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမြို့ရှိ နယ်မြေခံတပ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး၊ မဲစာရင်းများ မှန်ကန်မှုရှိစေရေး၊ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များ သယ်ယူပို့ဆောင်ခြင်း၊ လုံခြုံရေးပိုင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူအသီးသီးက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျွန်းစုမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)အတွက် ထားရှိမည့် လျာထားမဲရုံနေရာများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(ဒ၁၁)

ရှေ့ဖုံးမှအဆက်

စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်အတွက် မိမိတို့၏ အသက်ကိုပင်စွန့်လွှတ်စွန့်စားစွာ ပေးဆပ်ခဲ့ကြသည့် အမွန်မြတ်ဆုံး တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင် ကမ္ပည်းရေးထိုးထားရှိသည့် အထိမ်းအမှတ်ဗိမာန်တစ်ခုဖြစ်သည့် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ဂါရဝပြု အလေးပြုကြကြောင်း သတင်းရရှိသည်။

(ဒ၁၁)



တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော အရာရှိ၊ စစ်သည်များနှင့် အမွေခံများ သူရဲကောင်းဗိမာန်(နေပြည်တော်)တွင် ဂါရဝပြုအလေးပြုကြစဉ်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

(ယမန်နေ့မှအဆက်)

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| ၅ | တာချီလိတ်မြို့နယ် | | | ၅၅၀၆၉ | ၄၇၇၉ | ၅၉၈၄၈ | |
| | | ဦးကျော်ငြိမ်းအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၆၆၆ | ၃၈၁၁ | ၃၀၄၇၇ | ၅၀.၉၂% |
| | | ဒေါ်တိုးတိုးမြင့်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၉၉၂၃ | ၅၉၂ | ၂၀၅၁၅ | ၃၄.၂၈% |
| | | ဒေါ်ယဉ်မေသူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၄၈၀ | ၃၇၆ | ၈၈၅၆ | ၁၄.၈၀% |
| ၆ | တောင်ကြီးမြို့နယ် | | | ၁၇၁၄၁၁ | ၁၂၉၅၀ | ၁၈၄၃၆၁ | |
| | | နန်းကျင်း(ခ)နန်းစိန် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၆၆၄၉၆ | ၂၂၉၅ | ၆၈၇၉၁ | ၃၇.၃၁% |
| | | ဦးအောင်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၄၂၅၄ | ၈၁၈၃ | ၅၂၄၃၇ | ၂၈.၄၄% |
| | | ဦးကျော်ဇေယျာဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၈၃၀ | ၃၀၈ | ၁၂၁၃၈ | ၆.၅၉% |
| | | ဦးသောင်းတင်(ခ) သောင်းတင်ရီ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၆၀၁ | ၅၆၉ | ၁၁၁၇၀ | ၆.၀၆% |
| | | ဦးဝင်းနိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၉၆၂၈ | ၄၉၃ | ၁၀၁၂၁ | ၅.၄၉% |
| | | ဒေါ်နီလာအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၆၉၃ | ၄၄၄ | ၉၁၃၇ | ၄.၉၆% |
| | | ဦးဝင်းကြည် | တစ်သီးပုဂ္ဂလ | ၈၄၃၆ | ၃၂၈ | ၈၇၆၄ | ၄.၇၅% |
| | | ဒေါ်နန်းလန်းနွန်း | ပြည်သူ့ပါတီ | ၇၄၁၃ | ၂၆၀ | ၇၆၇၃ | ၄.၁၆% |
| | | ဦးဆန်းဘုန်း | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | ၄၀၆၀ | ၇၀ | ၄၁၃၀ | ၂.၂၄% |
| ၇ | နမ့်စန်မြို့နယ် | | | ၃၅၃၃၇ | ၅၂၄၁ | ၄၀၅၇၈ | |
| | | ဦးငွေးလွင်(ခ)ဦးဒီလုံး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၅၇၆ | ၄၅၅၂ | ၂၃၁၂၈ | ၅၇.၀၀% |
| | | စိုင်းနော်မိုင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၈၅၅ | ၃၅၂ | ၁၀၂၀၇ | ၂၅.၁၅% |
| | | နန်းခမ်းလေ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃၄၈၃ | ၁၂၆ | ၃၆၀၉ | ၈.၈၉% |
| | | နန်းချစ်သဲနု | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၀၀၂ | ၁၀၃ | ၂၁၀၅ | ၅.၁၉% |
| | | ဦးစိုင်းသူရကိုကို | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၄၂၁ | ၁၀၈ | ၁၅၂၉ | ၃.၇၇% |
| ၈ | မူဆယ်မြို့နယ် | | | ၂၂၅၉၂ | ၂၀၀၀ | ၂၄၅၉၂ | |
| | | ဦးအောင်ဇော်မိုး(ခ)အောင်ဇော်မိုးထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၂၂၅ | ၁၇၃၆ | ၁၂၉၆၁ | ၅၂.၇၀% |
| | | ဦးစိုင်းဘိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၃၆၇ | ၂၆၄ | ၁၁၆၃၁ | ၄၇.၃၀% |
| ၉ | မိုင်းဆတ်မြို့နယ် | | | ၃၃၇၅၄ | ၄၆၃၉ | ၃၈၃၉၃ | |
| | | စိုင်းမိုးဇော်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၃၉၉ | ၄၀၉၂ | ၂၉၄၉၁ | ၇၆.၈၁% |
| | | ဦးကျော်ဆန်းဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၆၉၁ | ၂၄၆ | ၄၉၃၇ | ၁၂.၈၆% |
| | | စိုင်းငင်းဆိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၆၆၄ | ၃၀၁ | ၃၉၆၅ | ၁၀.၃၃% |
| ၁၀ | လားရှိုးမြို့နယ် | | | ၂၉၈၈၀ | ၅၇၃၇ | ၃၅၆၁၇ | |
| | | ဒေါက်တာမျိုးထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၀၄၄ | ၄၅၄၀ | ၁၉၅၈၄ | ၅၄.၉၈% |
| | | ဦးစိုးမင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၁၅၆ | ၆၆၅ | ၆၈၂၁ | ၁၉.၁၅% |
| | | ဒေါ်ကေသီအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၈၀၂ | ၃၄၈ | ၅၁၅၀ | ၁၄.၄၆% |
| | | ဦးရှောင်ဝူး | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | ၂၁၇၆ | ၅၆ | ၂၂၃၂ | ၆.၂၇% |
| | | ဦးမြင့်စိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၇၀၂ | ၁၂၈ | ၁၈၃၀ | ၅.၁၄% |
| ၁၁ | လင်းခေးမြို့နယ် | | | ၁၅၂၁၀ | ၃၁၅၅ | ၁၈၃၆၅ | |
| | | စိုင်းထွန်းစံ(ခ)စိုင်းဆေဟန် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၆၈၀ | ၁၀၅၃ | ၉၇၃၃ | ၅၃.၀၀% |
| | | စိုင်းမြင့်ဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၅၃၀ | ၂၁၀၂ | ၈၆၃၂ | ၄၇.၀၀% |
| ၁၂ | လွိုင်လင်မြို့နယ် | | | ၃၂၂၅၃ | ၃၇၅၈ | ၃၆၀၁၁ | |
| | | ဦးခွန်အောင်ဆန်း | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၁၅၆၁၄ | ၆၅၂ | ၁၆၂၆၆ | ၄၅.၁၇% |
| | | ဦးခင်မောင်သီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၅၅၁ | ၂၄၂၁ | ၈၉၇၂ | ၂၄.၉၂% |

စာမျက်နှာ ၂၂ သို့

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

စာမျက်နှာ ၂၁ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရှိမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | | စိုင်းစိုးတင့်(ခ) စိုင်းခမ်းပန် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၉၂၅ | ၅၀၆ | ၈၄၃၁ | ၂၃.၄၁% |
| | | နန်းခဲ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၁၁ | ၉၉ | ၁၅၁၀ | ၄.၁၉% |
| | | ဦးဇော်မိုးလတ် | တစ်သီးပုဂ္ဂလ | ၇၅၂ | ၈၀ | ၈၃၂ | ၂.၃၁% |
| | ရောဝတီတိုင်းဒေသကြီး | | | | | | |
| ၁၃ | ကျုံပျော်မြို့နယ် | | | ၁၀၂၆၁၆ | ၆၀၅၄ | ၁၀၈၆၇၀ | |
| | | ဦးဇော်မင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၉၀၂ | ၃၅၇၀ | ၃၉၄၇၂ | ၃၆.၃၂% |
| | | ဦးမျိုးသိန်း | ကရင်ပြည်သူ့ပါတီ | ၁၈၂၀၅ | ၆၈၆ | ၁၈၈၉၁ | ၁၇.၃၉% |
| | | ဦးကိုကိုထက် | ပြည်သူ့ပါတီ | ၁၃၀၃၁ | ၃၃၄ | ၁၃၃၆၅ | ၁၂.၃၀% |
| | | ဒေါ်အမာဝေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၃၃၉ | ၄၁၂ | ၁၀၇၅၁ | ၉.၈၉% |
| | | နန့်သန်းမြင့်ကြည် | မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ | ၇၈၄၁ | ၃၂၈ | ၈၁၆၉ | ၇.၅၂% |
| | | ဦးကြိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၉၃၆ | ၃၀၅ | ၇၂၄၁ | ၆.၆၆% |
| | | ဦးစံရှိန် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၃၈၅ | ၃၄၁ | ၆၇၂၆ | ၆.၁၉% |
| | | ဒေါ်ငြိမ်းငြိမ်းအိ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၉၇၇ | ၇၈ | ၄၀၅၅ | ၃.၇၃% |
| ၁၄ | ပုသိမ်မြို့နယ် | | | ၁၃၂၆၃၄ | ၁၀၄၁၉ | ၁၄၃၀၅၃ | |
| | | ဦးသန်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၉၃၁၆ | ၇၈၉၀ | ၅၇၂၀၆ | ၃၉.၉၉% |
| | | ဦးကျော်မောင်မောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၄၈၇၀ | ၅၂၁ | ၁၅၃၉၁ | ၁၀.၇၆% |
| | | ဦးမြင့်စိုးအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၇၇၇ | ၄၂၁ | ၁၃၁၉၈ | ၉.၂၃% |
| | | စောလောလ | ကရင်ပြည်သူ့ပါတီ | ၁၂၅၂၇ | ၄၃၈ | ၁၂၉၆၅ | ၉.၀၆% |
| | | ဦးအောင်စိုး | ပြည်သူ့ပါတီ | ၁၁၀၂၀ | ၂၃၁ | ၁၁၂၅၁ | ၇.၈၆% |
| | | ဦးနေဝင်းထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ | ၈၁၅၈ | ၂၁၄ | ၈၃၇၂ | ၅.၈၅% |
| | | ဦးအောင်မင်းနိုင် | တစ်သီးပုဂ္ဂလ | ၇၈၂၀ | ၁၉၂ | ၈၀၁၂ | ၅.၆၀% |
| | | ဦးတင်ဖေ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၅၇၄ | ၂၃၀ | ၆၈၀၄ | ၄.၇၆% |
| | | ဦးတင်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၆၇၁ | ၁၅၆ | ၅၈၂၇ | ၄.၀၇% |
| | | ဦးအေးဝင်း(ခ)ဦးဝင်းကြည် | တစ်သီးပုဂ္ဂလ | ၃၉၀၁ | ၁၂၆ | ၄၀၂၇ | ၂.၈၂% |
| ၁၅ | မအူပင်မြို့နယ် | | | ၁၃၉၈၁၂ | ၅၂၈၂ | ၁၄၅၀၉၄ | |
| | | ဦးကံမြင့်သန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၈၇၄၃ | ၄၂၂၃ | ၈၂၉၆၆ | ၅၇.၁၈% |
| | | ဦးဖြိုးဝေစိုး | ပြည်သူ့ပါတီ | ၁၇၇၂၂ | ၂၇၅ | ၁၇၉၉၇ | ၁၂.၄၀% |
| | | ဦးဝင်းစိန် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၃၉၈ | ၂၈၄ | ၁၄၆၈၂ | ၁၀.၁၂% |
| | | နော်မိုးမိုးဆန်း | ခေတ်သစ်ပြည်သူ့ပါတီ | ၈၅၄၈ | ၁၃၀ | ၈၆၇၈ | ၅.၉၈% |
| | | ဦးလင်းမင်းထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၈၇၇ | ၁၆၉ | ၇၀၄၆ | ၄.၈၆% |
| | | ဦးစိုးလှိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၈၉၄ | ၈၈ | ၆၉၈၂ | ၄.၈၁% |
| | | ဦးမင်းမင်းဇော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၆၃၀ | ၁၁၃ | ၆၇၄၃ | ၄.၆၅% |
| ၁၆ | မြောင်းမြမြို့နယ် | | | ၁၃၄၈၆၃ | ၄၇၂၆ | ၁၃၉၅၈၉ | |
| | | ဒေါ်မြင့်စန္ဒာအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၈၁၄၃ | ၂၃၅၉ | ၅၀၅၀၂ | ၃၆.၁၈% |
| | | ဦးအောင်ခင် | ကရင်ပြည်သူ့ပါတီ | ၂၇၆၂၁ | ၈၇၄ | ၂၈၄၉၅ | ၂၀.၄၁% |
| | | ဦးလှထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၇၄၀ | ၅၁၁ | ၁၉၂၅၁ | ၁၃.၇၉% |
| | | ဦးထွန်းမြတ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၃၂၇၄ | ၄၄၇ | ၁၃၇၂၁ | ၉.၈၃% |
| | | ဒေါ်ခင်မာဆွေ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၆၇၄ | ၁၃၉ | ၉၈၁၃ | ၇.၀၃% |
| | | ဦးသီဟ | ပြည်သူ့ပါတီ | ၈၉၄၇ | ၁၅၂ | ၉၀၉၉ | ၆.၅၂% |
| | | ဦးမင်းခေါင်သန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၄၆၄ | ၂၄၄ | ၈၇၀၈ | ၆.၂၄% |
| ၁၇ | ကြံခင်းမြို့နယ် | | | ၄၄၆၅၉ | ၂၀၃၆ | ၄၆၆၉၅ | |
| | | ဦးနိုင်မင်းဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၁၀၄ | ၅၉၁ | ၁၇၆၉၅ | ၃၇.၈၉% |
| | | ဦးမျိုးမင်းထွဋ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၈၆၅ | ၁၀၅၅ | ၁၄၉၂၀ | ၃၁.၉၅% |
| | | ဒေါက်တာဦးတင်မောင်ကြိုင် | ပြည်သူ့ပါတီ | ၉၀၁၇ | ၂၆၀ | ၉၂၇၇ | ၁၉.၈၇% |
| | | ဦးလမင်းနိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၆၇၃ | ၁၃၀ | ၄၈၀၃ | ၁၀.၂၉% |
| ၁၈ | မြန်အောင်မြို့နယ် | | | ၉၇၂၀၆ | ၅၁၁၁ | ၁၀၂၃၁၇ | |
| | | ဦးအောင်ဝင်းဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၀၅၇၀ | ၃၂၇၄ | ၄၃၈၄၄ | ၄၂.၈၅% |
| | | ဒေါ်ခင်ယုံ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၁၇၂ | ၈၃၅ | ၂၄၀၀၇ | ၂၃.၄၇% |
| | | ဦးအောင်ကိုကို | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၇၀၇၁ | ၅၉၁ | ၁၇၆၆၂ | ၁၇.၂၆% |
| | | ဦးမြင့်ခိုင် | ပြည်သူ့ပါတီ | ၁၆၃၉၃ | ၄၁၁ | ၁၆၈၀၄ | ၁၆.၄၂% |
| ၁၉ | လပွတ္တာမြို့နယ် | | | ၁၀၈၉၃၆ | ၃၃၂၃ | ၁၁၂၂၅၉ | |
| | | ဦးဝင်းဆွေ(ခ) ဦးဝင်းရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၆၀၄၇ | ၂၂၂၉ | ၄၈၂၇၆ | ၄၃.၀၁% |
| | | ဒေါ်ကျော့ကျော့စိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၀၉၉ | ၃၄၃ | ၂၃၄၄၂ | ၂၀.၈၈% |
| | | ဦးကျော်လှိုင်ထွေး | ပြည်သူ့ပါတီ | ၁၀၆၁၂ | ၁၅၈ | ၁၀၇၇၀ | ၉.၅၉% |
| | | စဂျင်မီဦး | ကရင်ပြည်သူ့ပါတီ | ၉၀၀၁ | ၁၃၀ | ၉၁၃၁ | ၈.၁၃% |
| | | ဦးကျော်သန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၆၆၁ | ၁၇၅ | ၇၈၃၆ | ၆.၉၈% |
| | | ဦးနေထက်အောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၅၀၉ | ၂၄၃ | ၇၇၅၂ | ၆.၉၁% |
| | | ဦးချစ်မင်းဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၀၀၇ | ၄၅ | ၅၀၅၂ | ၄.၅၀% |
| ၂၀ | ဟင်္သာတမြို့နယ် | | | ၁၃၀၇၄၃ | ၄၄၈၆ | ၁၃၅၂၂၉ | |
| | | ဦးဌေးဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၃၉၆၇ | ၃၀၀၉ | ၅၆၉၇၆ | ၄၂.၁၃% |
| | | ဒေါ်ခင်အေးမွန် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၆၃၇ | ၄၈၄ | ၂၄၁၂၁ | ၁၇.၈၄% |
| | | ဦးအောင်ကျော်လွင် | ပြည်သူ့ပါတီ | ၁၆၉၉၅ | ၂၅၉ | ၁၇၂၅၄ | ၁၂.၇၆% |
| | | ဒေါက်တာနမ့်ခင်သင်းစု | ကရင်ပြည်သူ့ပါတီ | ၁၀၅၉၁ | ၁၈၃ | ၁၀၇၇၄ | ၇.၉၇% |
| | | ဒေါ်သန္တာအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၃၄၇ | ၂၇၉ | ၁၀၆၂၆ | ၇.၈၆% |
| | | ဦးဇင်ဗိုလ်ဗိုလ်ထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၀၉၄ | ၁၉၈ | ၉၂၉၂ | ၆.၈၇% |
| | | ဒေါ်လင်းလင်းထက်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၁၁၂ | ၇၄ | ၆၁၈၆ | ၄.၅၇% |

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)အောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ရာနှုန်းပြည့်မဲပေးနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်း၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်သူရနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ရွေးကောက်ပွဲဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လိုအပ်ချက်များကို အသီးသီးဆွေးနွေး တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင် အား ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## သံအမတ်ကြီး ဦးဇော်ဝင်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးဇော်ဝင်းမြင့် အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၄ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၅**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၈ ရက် ည ၈ နာရီမှ ဇန်နဝါရီ ၄ ရက်ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

**○ အမျိုးသားလွှတ်တော်မှ**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ချင်းပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁) | ဦးပေါင်လွှန်းမင်ထန် | ၄/တဇန(နိုင်)၀၀၂၄၀၄ | အမှတ်( ၁ ) | ဇိုမီးအမျိုးသားပါတီ |
| (၂) | ဦးထလာထန်း | ၄/ထတလ(နိုင်)၀၂၀၉၈၁ | အမှတ်( ၆ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ချင်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)** | | | | |
| (၃) | ဦးကျင့်တုန်းမန် | ၅/တမန(နိုင်)၀၀၀၅၄၄ | အမှတ်( ၇ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးကီးပိုင်း | ၄/ကပလ(နိုင်)၀၀၀၀၂၆ | အမှတ်( ၈ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးအောင်မင်းနိုင် | ၆/ထဝန(နိုင်)၀၀၄၃၀၀ | အမှတ်( ၉ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးဇော်လွန်းအောင် | ၁၁/မပန(နိုင်)၀၅၉၁၇၃ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဒေါ်ကျိန်ငိုက်မန် | ၉/မကန(နိုင်)၀၀၀၈၁၃ | အမှတ်(၁၁) | ဇိုမီးအမျိုးသားပါတီ |
| (၈) | ဦးနန်ခင်းဇမ် | ၄/တဇန(နိုင်)၀၀၁၂၅၆ | အမှတ်(၁၂) | ဇိုမီးအမျိုးသားပါတီ |
| **ရခိုင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၉) | ဦးမင်းမင်းထွန်း | ၁၁/မအန(နိုင်)၀၄၄၁၆၆ | အမှတ်( ၁ ) | ရခိုင့်ဦးဆောင်ပါတီ |
| (၁၀) | ဦးမြလင်း | ၁၁/ကဖန(နိုင်)၀၀၆၅၁၀ | အမှတ်( ၂ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးသန်းထွန်း | ၁၁/မတန(နိုင်)၀၀၀၇၁၃ | အမှတ်( ၃ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ရခိုင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)** | | | | |
| (၁၂) | ဦးကျော်စိန် | ၁၁/ပဏတ(နိုင်)၀၀၃၆၅၃ | အမှတ်( ၇ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးကျော်စိန်လှ | ၁၁/စတန(နိုင်)၀၄၇၇၅၂ | အမှတ်( ၈ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဒေါ်မြမြသက် | ၁၁/စတန(နိုင်)၀၃၃၀၆၆ | အမှတ်( ၉ ) | ရခိုင့်ဦးဆောင်ပါတီ |
| **ရခိုင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)** | | | | |
| (၁၅) | ဒေါက်တာခိုင်ခိုင်ဆု | ၁၂/ပဘတ(နိုင်)၀၃၁၅၃၄ | အမှတ်(၁၀) | ရခိုင့်ဦးဆောင်ပါတီ |
| (၁၆) | ဦးဇော်ဇော်မြင့် | ၃/ဘအန(နိုင်)၀၇၃၁၀၃ | အမှတ်(၁၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးအောင်သိန်းငွေး | ၁၁/ရဗန(နိုင်)၀၄၇၃၅၃ | အမှတ်(၁၂) | ရခိုင်တိုင်းရင်းသားများပါတီ |

**(ပုံ)သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်သူများထံ အသိပေးပန်ကြားချက်

➤ အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Onilne Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊

➤ လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည် ဖြစ်ပါကြောင်း၊

➤ အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊

➤ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊

➤ အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)
## အမျိုးသားလွှတ်တော်(မဲအများဆုံးရသူအနိုင်ယူစနစ်) ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ချင်းပြည်နယ် | | | ၄၈၁၅ | ၂၅၁၃ | ၇၃၂၈ | |
| ၁ | မဲဆန္ဒနယ်အမှတ်(၁) | | | ၃၂၀၁ | ၁၂၀၂ | ၄၄၀၃ | |
| | | ဦးပေါင်လွန်းမင်ထန် | ဇိုမီးအမျိုးသားပါတီ | ၁၅၄၉ | ၄၄၁ | ၁၉၉၀ | ၂၇.၁၆% |
| | | ဦးလျန်ဇခုပ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၇၂ | ၆၇၈ | ၁၉၅၀ | ၂၆.၆၁% |
| | | ဦးကိုင်းခန့်မန် | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၃၅၀ | ၇၂ | ၄၂၂ | ၂၁.၆၄% |
| | | ဦးအာကာ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀ | ၁၁ | ၄၁ | ၀.၉၃% |
| ၂ | မဲဆန္ဒနယ်အမှတ်(၆) | | | ၁၆၁၄ | ၁၃၁၁ | ၂၉၂၅ | |
| | | ဦးထလာထန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၁၀ | ၁၂၂၄ | ၂၅၃၄ | ၈၆.၆၃% |
| | | ဦးမျိုးသူရလင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀၄ | ၈၇ | ၃၉၁ | ၁၃.၃၇% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အမျိုးသားလွှတ်တော်
## (အချိုးကျကိုယ်စားပြုစနစ်)၊ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၇၃၂၈ / ၆ = ၁၂၂၁

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ချင်းပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၇၃၂၈ | ၄ | | ၂ | ၆ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၄၈၄ | ၃ | ၈၂၁ | ၁ | ၄ | |
| | | ၂။ | ဇိုမီးအမျိုးသားပါတီ | ၁၉၉၀ | ၁ | ၇၆၉ | ၁ | ၂ | |
| | | ၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၃၂ | - | ၄၃၂ | - | - | |
| | | ၄။ | ချင်းပြည်သစ်ကွန်ဂရက် ပါတီ | ၄၂၂ | - | ၄၂၂ | - | - | |

ရှင်းလင်းချက်။ အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၇/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)
## အမျိုးသားလွှတ်တော်(မဲအများဆုံးရသူအနိုင်ယူစနစ်) ကိုယ်စားလှယ်လောင်းတစ်ဦး၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | ၇၀၆၁၈ | ၁၅၀၁၇ | ၈၅၆၃၅ | |
| ၁ | မဲဆန္ဒနယ်အမှတ်(၁) | | | ၃၀၁၂၈ | ၂၆၂၉ | ၃၂၇၅၇ | |
| | | ဦးမင်းမင်းထွန်း | ရခိုင့်ဦးဆောင်ပါတီ | ၁၁၀၂၈ | ၉၅၈ | ၁၁၉၈၆ | ၃၆.၅၉% |
| | | ဦးတင်ညို | ရခိုင်တိုင်းရင်းသားများပါတီ | ၉၃၈၈ | ၅၇၉ | ၉၉၆၇ | ၃၀.၄၃% |
| | | ဒေါက်တာခင်စိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၁၁၆ | ၁၀၄၆ | ၉၁၆၂ | ၂၇.၉၇% |
| | | ဦးတင်ထက်လှိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၅၉၆ | ၄၆ | ၁၆၄၂ | ၅.၀၁% |
| ၂ | မဲဆန္ဒနယ်အမှတ်(၂) | | | ၉၅၅၄ | ၃၄၇၅ | ၁၃၀၂၉ | |
| | | ဦးမြလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၂၂၇ | ၃၀၂၇ | ၆၂၅၄ | ၄၈.၀၀% |
| | | ဦးတင်ထွန်း | ရခိုင့်ဦးဆောင်ပါတီ | ၃၈၈၇ | ၂၃၈ | ၄၁၂၅ | ၃၁.၆၆% |
| | | ဦးဘရှိန် | ရခိုင်တိုင်းရင်းသားများပါတီ | ၂၄၄၀ | ၂၁၀ | ၂၆၅၀ | ၂၀.၃၄% |
| ၃ | မဲဆန္ဒနယ်အမှတ်(၃) | | | ၃၀၉၃၆ | ၈၉၁၇ | ၃၉၈၅၃ | |
| | | ဦးသန်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၈၈၇ | ၇၉၅၉ | ၂၃၈၄၆ | ၅၉.၈၃% |
| | | ဒေါက်တာအေးမောင် | ရခိုင့်ဦးဆောင်ပါတီ | ၇၇၄၂ | ၆၀၄ | ၈၃၄၆ | ၂၀.၉၄% |
| | | ဦးအောင်မြတ်သူ | ရခိုင်တိုင်းရင်းသားများပါတီ | ၄၇၇၀ | ၂၀၂ | ၄၉၇၂ | ၁၂.၄၈% |
| | | ဦးဆွေဆန်းဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၅၇၆ | ၁၁၄ | ၁၆၉၀ | ၄.၂၄% |
| | | ဒေါ်ညိုမာဝင်း | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | ၉၆၁ | ၃၈ | ၉၉၉ | ၂.၅၁% |

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၉၈၅၃ / ၃ = ၁၃၂၈၄

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၃၉၈၅၃ | ၁ | | ၂ | ၃ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၈၄၆ | ၁ | ၁၀၅၆၂ | ၁ | ၂ | |
| | | ၂။ | ရခိုင့်ဦးဆောင်ပါတီ | ၈၃၄၆ | - | ၈၃၄၆ | ၁ | ၁ | |
| | | ၃။ | ရခိုင်တိုင်းရင်းသားများပါတီ | ၄၉၇၂ | - | ၄၉၇၂ | - | - | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၆၉၀ | - | ၁၆၉၀ | - | - | |
| | | ၅။ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | ၉၉၉ | - | ၉၉၉ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) ရခိုင်ပြည်နယ်အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၃)၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၇/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

# အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၅၇၈၆ / ၃ = ၁၅၂၆၂

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၄၅၇၈၆ | ၂ | | ၁ | ၃ | |
| | | ၁။ | ရခိုင့်ဦးဆောင်ပါတီ | ၁၆၁၁၁ | ၁ | ၈၄၉ | - | ၁ | |
| | | ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၄၁၆ | ၁ | ၁၅၄ | - | ၁ | |
| | | ၃။ | ရခိုင်တိုင်းရင်းသားများပါတီ | ၁၂၆၁၇ | - | ၁၂၆၁၇ | ၁ | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၆၄၂ | - | ၁၆၄၂ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) ရခိုင်ပြည်နယ်အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၁)နှင့် မဲဆန္ဒနယ်အမှတ်(၂)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲများကိုပေါင်း၍ တွက်ချက်ထားထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၇/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

# မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) ကိုယ်စားလှယ်လောင်းတစ်ဦးချင်းဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ချင်းပြည်နယ် | | | | | | |
| ၁ | တီးတိန် | | | ၃၂၀၁ | ၁၀၄၅ | ၄၂၄၆ | |
| | | ဦးပေါင်ဇလန်း | ဇိုမီးအမျိုးသားပါတီ | ၁၆၄၂ | ၃၃၅ | ၁၉၇၇ | ၄၆.၅၆% |
| | | ဒေါက်တာကောင်းထက်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၉၉ | ၆၄၆ | ၁၉၄၅ | ၄၅.၈၁% |
| | | ဒေါ်ဝုန်သွယ်ကိမ် | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၂၆၀ | ၆၄ | ၃၂၄ | ၇.၆၃% |
| ၂ | ဟားခါး | | | ၁၆၀၆ | ၁၂၃၂ | ၂၈၃၈ | |
| | | ဒေါက်တာဝုန်ဆွန်းထန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၁၅ | ၁၀၅၅ | ၂၀၇၀ | ၇၂.၉၄% |
| | | ဦးလျန်ကျဲအို | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၅၉၁ | ၁၇၇ | ၇၆၈ | ၂၇.၀၆% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၇၀၈၄ / ၉ = ၇၈၇

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ချင်းပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၇၀၈၄ | ၈ | | ၁ | ၉ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၀၁၅ | ၅ | ၈၀ | - | ၅ | |
| | | ၂။ | ဇိုမီးအမျိုးသားပါတီ | ၁၉၇၇ | ၂ | ၄၀၃ | ၁ | ၃ | |
| | | ၃။ | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၁၀၉၂ | ၁ | ၃၀၅ | - | ၁ | |

ရှင်းလင်းချက်။ အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်း အပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါ ကြေညာချက်အမှတ် (၈/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာ ထားပြီးဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | |
| ၁ | ကျောက်ဖြူမြို့နယ် | | | ၉၅၅၉ | ၃၄၇၄ | ၁၃၀၃၃ | |
| | | ဦးကျော်ဆွေလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၉၅၈ | ၃၀၅၈ | ၇၀၁၆ | ၅၃.၈၃% |
| | | ဦးခင်စော | ရခိုင့်ဦးဆောင်ပါတီ | ၃၅၁၇ | ၂၄၀ | ၃၇၅၇ | ၂၈.၈၃% |
| | | ဦးတင်ရွှေ | ရခိုင်တိုင်းရင်းသားများပါတီ | ၂၀၈၄ | ၁၇၆ | ၂၂၆၀ | ၁၇.၃၄% |
| ၂ | စစ်တွေမြို့နယ် | | | ၃၀၉၅၀ | ၈၉၃၅ | ၃၉၈၈၅ | |
| | | ဦးနိုင်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၉၃၃ | ၈၁၂၀ | ၂၅၀၅၃ | ၆၂.၈၁% |
| | | ဦးသိန်းထွန်းဦး | ရခိုင့်ဦးဆောင်ပါတီ | ၈၁၃၇ | ၅၄၅ | ၈၆၈၂ | ၂၁.၇၇% |
| | | ဦးဇော်ထွန်း | ရခိုင်တိုင်းရင်းသားများပါတီ | ၅၈၈၀ | ၂၇၀ | ၆၁၅၀ | ၁၅.၄၂% |
| ၃ | မာန်အောင်မြို့နယ် | | | ၃၀၁၂၉ | ၂၆၂၅ | ၃၂၇၅၄ | |
| | | ဦးထွန်းဝင်း | ရခိုင့်ဦးဆောင်ပါတီ | ၁၁၂၆၃ | ၈၆၄ | ၁၂၁၂၇ | ၃၇.၀၂% |
| | | ဒေါ်ကြည်ကြည်ဇင် | ရခိုင်တိုင်းရင်းသားများပါတီ | ၁၀၁၀၁ | ၆၁၉ | ၁၀၇၂၀ | ၃၂.၇၃% |
| | | ဦးမောင်တင်အေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၇၆၅ | ၁၁၄၂ | ၉၉၀၇ | ၃၀.၂၅% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁) တိုင်းဒေသကြီး၊ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၉၈၈၅ / ၁၀ = ၃၉၈၈

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၃၉၈၈၅ | ၉ | | ၁ | ၁၀ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၀၅၃ | ၆ | ၁၁၂၅ | | ၆ | |
| | | ၂။ | ရခိုင်ဦးဆောင်ပါတီ | ၈၆၈၂ | ၂ | ၇၀၆ | - | ၂ | |
| | | ၃။ | ရခိုင်တိုင်းရင်းသားများပါတီ | ၆၁၅၀ | ၁ | ၂၁၆၂ | ၁ | ၂ | |

ရှင်းလင်းချက် ။ ( ၁ ) ရခိုင်ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် စစ်တွေမြို့နယ်မဲဆန္ဒနယ်၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါ ကြေညာချက်အမှတ် ( ၈/ ၂၀၂၆ )ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၂) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၅၇၈၇ / ၇ = ၆၅၄၁

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၄၅၇၈၇ | ၅ | | ၂ | ၇ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၉၂၃ | ၂ | ၃၈၄၁ | ၁ | ၃ | |
| | | ၂။ | ရခိုင်ဦးဆောင်ပါတီ | ၁၅၈၈၄ | ၂ | ၂၈၀၂ | - | ၂ | |
| | | ၃။ | ရခိုင်တိုင်းရင်းသားများပါတီ | ၁၂၉၈၀ | ၁ | ၆၄၃၉ | ၁ | ၂ | |

ရှင်းလင်းချက် ။ ( ၁ ) ရခိုင်ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ကျောက်ဖြူမြို့နယ်နှင့် မာန်အောင်မြို့နယ်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ရရှိသည့် ဆန္ဒမဲများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါ ကြေညာချက်အမှတ် ( ၈/ ၂၀၂၆ )ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ်အမည် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | |
| ၁ | ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | ၆၄၂ | ၁၁၇ | ၇၅၉ | |
| | | ဦးတင်လှ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၆၇ | ၁၀၃ | ၅၇၀ | ၇၅.၁၀% |
| | | ဦးကြည်တင် | ရခိုင်တိုင်းရင်းသားများပါတီ | ၁၇၅ | ၁၄ | ၁၈၉ | ၂၄.၉၀% |

☆ KK Park မှ

ယနေ့တွင် မြဝတီ-မွဲထော်သလေး (KK Park) အပိုင်း(၂)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် တစ်ထပ်အဆောက်အအုံ ငါးလုံး၊ နှစ်ထပ်အဆောက်အအုံ ၁၅ လုံး၊ သုံးထပ်

KK Park နယ်မြေ အပိုင်း(၂)တွင် တရားမဝင်ဆောက်လုပ်ထားသည့် သုံးထပ် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။









KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံများကို လေအိုးမီးအိုးဖြင့် မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

အဆောက်အအုံ လေးလုံး၊ ငါးထပ် အဆောက်အအုံ နှစ်လုံး စုစုပေါင်းတရားမဝင်အဆောက်အအုံ ၂၆ လုံးတို့ကို ထပ်မံ ဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေ အတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် အလုံး ၆၁၀ ကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK Park နယ်မြေ အပိုင်း(၃) အတွင်းရှိ တရားမဝင်အဆောက်အအုံများ အနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုး မီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၀၆ လုံးတို့ကို ရာနှုန်းပြည့်ဖျက်ဆီးပြီး ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ပြည်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "roger (poelthib03r)" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် စိုင်ဒီကျေးရွာနေ အောင်ဇော်ထိုက်(ခ) အောင်ဇော်အား မွန်းလွဲ ၂ နာရီခွဲတွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (ပြည်)

## ထူးခြားသည့် ညအပူချိန်များ (၅-၁-၂၀၂၆)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဟားခါး | -၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ပင်လောင်း | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | သီပေါ | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၃ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် | ပူတာအို | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | ပြင်ဦးလွင် | ၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | နောင်ချို | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၀၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်း ခံစားချက် စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်သူကိုဖမ်းဆီးငွေညှစ်ဓားပြတိုက်နေတဲ့ PDF ဓားပြအကြမ်းဖက်အဖွဲ့"** ခေါင်းစဉ်ဖြင့် ၇-၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၄-၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်လုပ်ရပ်၊ အဖွဲ့အစည်းများကို ကျောခိုင်းကာ နှစ်သစ်ကို စည်းလုံးပျော်ရွှင်စွာဖြတ်သန်းနေကြသောပြည်သူများ၏ ငြိမ်းချမ်းသော အနာဂတ်ခရီး"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ခန္တီးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ခန္တီး ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန္တီးမြို့နယ်တွင် ၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၃၀၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၆၇ ဒသမ ၆၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီက ခန္တီးမြို့နယ်မှာ စပါး ၈၃၀၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိအချိန်မှာတော့ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ စပါးတွေ စိုက်ပျိုးတဲ့အချိန်မှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးတယ်။ တောင်သူတွေအနေနဲ့ စပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့လဲ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း တိုးတက်ရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက် ခဲ့ကြကြောင်း သိရသည်။

ခန္တီးမြို့နယ်တွင် စပါးစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၅၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၅၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောသီးအဖီးရေ ၄၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၅၈၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောတွေ ရန်ကုန်ဈေးကွက်ဘက်ကို တင်ပို့အားကောင်းခဲ့ပါတယ်။ ဒီဒေသကထွက်တဲ့သီးနှံတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချတာပါ။ ဒေသဈေးကွက်မှာကို ဖီးကြမ်းငှက်ပျောတွေက ဝယ်လိုအားများနေတဲ့ အခြေအနေရှိနေပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တဲ့ ငှက်ပျောသီးတွေထဲမှာ ဖီးကြမ်းငှက်ပျောအမျိုးအစားကို အများဆုံးတင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိ ငှက်ပျောသီးဈေးကလဲ အရောင်းအဝယ်ပြုလုပ်လို့ အဆင်ပြေပါတယ်" ဟု ဝါးခယ်မမြို့နယ်ရှိ ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ဖီးကြမ်းငှက်ပျောသီးအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါဒေသထွက် ဖီးကြမ်းငှက်ပျောသီးများအရောင်းအဝယ် ပြုလုပ်နေရသည့်အတွက် လုပ်သားများ၊ ကုန်သည်များ၊ ငှက်ပျောစိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

## မဲရုံတွင်ဆန္ဒမဲပေးခြင်းအတွက် သိရှိမှတ်သား ဆောင်ရွက်ရမည့်အချက်များ

## (အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)

- မဲရုံသို့ဝင်ရောက်သည့်အခါ မဲစာရင်းစစ်ဆေးသူထံ မိမိ၏အမည်နှင့် မဲစာရင်းအမှတ်စဉ်ကို ပြောပြပါ၊ အထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုပြပါ၊
- မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကို တွေ့ရှိပြီး မှန်ကန်လျှင် မဲစာရင်း၌လက်မှတ်ရေးထိုးပါ၊ သို့မဟုတ် လက်ဝဲလက်မဖြင့် လက်ဗွေနှိပ်ပါ၊
- လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော် ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြု ခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုပါ၊
- ဆန္ဒပြုပြီးနောက် ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသော မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့်ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသားကို ကြည့်ရှုနိုင်သည်၊
- မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒမဲပေးပါ၊
- မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲ တစ်မဲစီသာပေးပါ၊
- မဲရုံမှ မထွက်ခွာမီ မဲပေးပြီးကြောင်း မင်တို့ပေးသည့် မဲရုံအဖွဲ့ဝင်ထံ သွားရောက်၍ သတ်မှတ်ထားသည့် လက်ချောင်းတစ်ချောင်းချောင်းတွင် မင်တို့ပါ၊
- မဲပေးပြီးပါက မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာ ထွက်ခွာပါ။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"
"လွတ်လပ်မျှတ၊ မဲပေးကြ"


"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး / စာရေး သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၉-၂-၂၀၂၆ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀ နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။

(င) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ(Myawady Webportal(www.myawady.net.mm/Sgt(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၆-၁၂-၂၀၂၅ ရက်နေ့မှ ၂၈-၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊ အမှတ်(၁)အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ်အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာသင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S(Diploma in Computer Studies)ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ်သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ(၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်နှင့်စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါကအောက်ပါအတိုင်းအဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာများခံစားခွင့်ရှိမည်-

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| (ခ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| (ဂ) | ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) | အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင်(၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူတပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူတပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လှူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

## ‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၀၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက်(၁၉၁)၊ အင်းဘဲရပ်ကွက်နေ ဦးဝင်းချို + ဒေါ်မိုးမိုးတို့၏ သား မောင်သိန်းစံ(၉/အမဇ(နိုင်)၀၅၀၆၉၉)သည် မိဘတို့၏ဆိုဆုံးမမှုကိုနားမထောင်ဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းချို(၈/ပခက(နိုင်)၁၃၁၃၆၆)
ဒေါ်မိုးမိုး(၉/မနတ(နိုင်)၀၈၃၈၉၅)

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်နေ ဒေါ်ဝင်းမင်းသန့် (ဘ) ဦးတင်ဝင်း(၈/နမန(နိုင်)၀၁၀၀၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-253231500

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်နေ ဝင်းဟန် (ဘ) ဦးသိန်းကြားဟော် (ခ) ကျော်စံ(၉/ခအဇ(နိုင်)၀၃၉၈၈၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-593657)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-251100001

## အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး(အထက)ကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော (ဘ) ဦးသိန်းဇော်ဝင်း၏သမီး မအိမ့်သီရိရတနာဖြိုး၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မအိမ့်သီရိဖြိုးဖြစ်ပါကြောင်း။ မအိမ့်သီရိဖြိုး(၉/ခမစ(နိုင်)၁၀၀၉၈၃)

## အဖိုးတန်ရေချိုကို ချွေတာပါ

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန်လိုအပ်မည်ဖြစ်ပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ခွဲခြားသိမြင်ရန်လို...

❖ မိမိတို့တာဝန်ယူထားရသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံ့အရေးကို ကျေပွန်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇွန် ၁၁ ရက်တွင် ပြင်ဦးလွင်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ ဆရာ၊ ဆရာမများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)


❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ အလုံး ၆၁၀ စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်

မြဝတီမြို့နယ်အတွင်းရှိ K K Park နယ်မြေ အပိုင်း ၂ နှင့် ၃ တို့တွင် ဖောက်ခွဲဖျက်ဆီးခဲ့သည့်အဆောက်အအုံများအား တွေ့မြင်ရစဉ်




နေပြည်တော် ဇန်နဝါရီ ၅

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၂၆ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

စာမျက်နှာ ၂၈ ကော်လံ ၁ ☆

## မဟာဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသည့် ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော အစိုးရဓမ္မာစရိယသုံးကျမ်းအောင် ၁၁၄၇ ပါး၊ အစိုးရဓမ္မာစရိယအထူးအောင် လေးပါး၊ ပါဠိဂုဏ်ထူးအောင် တစ်ပါး၊ မြန်မာဂုဏ်ထူးအောင် ၁၃ ပါး၊ ပါဠိပထမပြန်အထူးအောင် ၁၆ ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်အထူးအောင် ကိုးဦးတို့ကို ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များဆက်ကပ်လှူဒါန်းချီးမြှင့်သည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၈၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၉ ရက်၊ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်၊ အင်္ဂါနေ့၊ မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီး၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါမဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ အချိန်မီကြွရောက်ရန် သက်ဆိုင်ရာစာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများ ပေးပို့ဆက်ကပ်ပင့်ဆောင်မည်ဖြစ်သည်။ ပင့်စာများကို အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ဖေဖော်ဝါရီ ၈ ရက်မှစ၍ ရုံးချိန်အတွင်း မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးသို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သိရသည်။ (သတင်းစဉ်)

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူ အနိုင်ယူစနစ်)ကိုယ်စားလှယ်လောင်း တစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ**

စာမျက်နှာ - ၂၆

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)တွင် ဒဂုံစတားနှင့် ဒဂုံပေါ့အသင်းတို့ နိုင်ပွဲရရှိ

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ ဒဂုံစတားအသင်းနှင့် ဒဂုံပေါ့အသင်းတို့နိုင်ပွဲများ ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက သီဟဒီပအားကစားကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒဂုံစတားအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၅ မိနစ်တွင် ရန်ကျော်ထွေးနှင့် ပွဲချိန် ၉၃မိနစ်တွင်

စာမျက်နှာ ၁၉ ကော်လံ ၁ ❑




ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၅၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ပုသိမ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် — နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်




ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု